
http://www.thit

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် (၈၂)၊ နတ်မောက်လမ်း၊ ဗဟန်း
ရန်ကုန်မြို့တွင် ရရှိနိုင်ပါသည်။
ဖုန်း-၅၄၁၈၆၀၊ ၅၄၆၄၆၆၊ ၀၉၇၃၂၄၅၂၅၅



# ငရဲဆိုတာ ဘယ်လိုလဲ ? ဘယ်လိုနေမှ လွတ်မှာလဲ ?

၆၅

ဟောကြားသည့်နေ့
၉ - ၁၀ - ၆၁

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၅) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

http://www.thitsarparamisociety.com/

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

**မိုးကုတ်ဆရာတော်ဘုရားကြီး**

အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ငရဲဆိုတာ ဘယ်လိုလဲ?

# ဘယ်လိုနေမှ လွတ်မှာလဲ?

ဟောကြားသည့်နေ့

(၉-၁၀-၆၁)

http://www.thitsarparamisociety.com/

စာမူခွင့်ပြုချက်အမှတ် - ၁၂/၉၅ (၄)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၉/၉၅ (၄)

ထုတ်ဝေသူ

ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်
အမှတ်-၈၂၊ နတ်မောက်လမ်း၊
ရန်ကုန်မြို့။
ဖုန်း-၅၄၁၈၆၀

ပုံနှိပ်သူ

ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာ ပုံနှိပ်တိုက်၊
အမှတ် ၈၄၊ လမ်း (၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၈၆၇၄

http://www.thitsarparamisociety.com/

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

**မိုးကုတ်ဆရာတော်ဘုရားကြီး**

အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# ငရဲဆိုတာ ဘယ်လိုလဲ? ဘယ်လိုနေမှ လွတ်မှာလဲ?

ဟောကြားသည့်နေ့ (၉-၁၀-၆၁)

ဒီနေ့ဟောမည့်တရားသည် ဒကာ ဒကာမတို့ ဘုရားတစ်ဆူမှ တစ်ခါဟောတဲ့ တရား ...လို့ မှတ်ထားရမယ်နော်... (မှန်လှပါဘုရား)။

## ဘုရားတစ်ဆူမှ တစ်ခါဟောတဲ့ တရား

ဘုရားတစ်ဆူ တစ်ဆူ ပွင့်ပါမှ တစ်ခါ တစ်ခါဟောတဲ့ တရားလို့ဆိုတော့ ဩော်...ငါတို့ကြားလည်း ကြားနာရခဲ့တယ်၊ မှတ်လည်း မှတ်ရလိမ့်မယ်...(မှန်ပါ) အရေးကြီးတာလည်း သိရ

http://www.thitsarparamisociety.com/


ဘုရားတစ်ဆူ တစ်ဆူမှ ဒကာကြွယ် တစ်ခါဟောတဲ့ တရား ...(မှန်လှပါဘုရား) ဘုရားတစ်ဆူ ပွင့်လို့ရှိရင် ဒီတစ်ခါပဲ ဟောတာပဲ၊ နောက်မဟောတော့ဘူး ...(မှန်ပါ့ဘုရား) ဒီတစ်ခါ ဟောလို့ ဒီတစ်ခါ ကျွတ်တမ်းဝင်ရင်...ဝင်ရော၊ မဝင်လို့ရှိရင်ဖြင့် ဒီတရားကိုဖြင့် ထပ်ပြီး အသက်တမ်းတိုတဲ့ ဘုရားဖြစ်လေသော ကြောင့် မဟောနိုင်တော့ဘူး ...(မှန်လှပါဘုရား)။

## အရိယာတို့၏အလုပ် မမေ့ပါနဲ့

ဒါကြောင့် ဒီတရားသည် ဒကာ ဒကာမတို့ အရိယာတို့၏ အလုပ်ကို မမေ့ဖို့ ဟောတာပဲ...(မှန်လှပါဘုရား) အကျဉ်းချုပ် လိုက်တော့ အရိယာတို့၏ အလုပ်ကို မမေ့ပါနဲ့လို့ ဟောတာပါပဲ... (မှန်ပါ့ဘုရား)။

ကောင်းပြီ...ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှေးဦးစွာ ဒီခန္ဓာကိုယ်ကြီးကို ဉာဏ်လှည့်ရလိမ့်မယ်နော်... (မှန်လှပါဘုရား) ဒီခန္ဓာကိုယ်ကြီးကို ဉာဏ်လှည့်ရလိမ့်မယ်။

ခါတိုင်းတော့ ဘယ့်နှယ်ကြောင့်တုံး ...လို့ မေးတဲ့အခါ ကျတော့ ဒကာ ဒကာမတွေ အိမ်မှာနေကြတယ်ဆိုတော့ ပြင် ဘက်သာ လှည့်နေတာပဲ...(မှန်ပါ့) ခန္ဓာဘက်လှည့်တယ်လို့ မပါဘူး ...(မပါ, ပါဘုရား) လှည့်ပြန်တော့လည်း ဒီခန္ဓာကြီးကို အနိစ္စဘက်, ဒုက္ခဘက်, အနတ္တဘက်ကို မလှည့်ဘဲနဲ့ ရုပ်ဟာ

http://www.thitsarparamisociety.com/


လည်း ငါပဲ, ဝေဒနာလည်း ငါပဲ, စိတ်လည်း ငါပဲဆိုပြီး သက္ကာယဒိဋ္ဌိနဲ့ချည်း လှည့်နေတယ်...(မှန်ပါ) ဉာဏ်နဲ့လှည့်တယ်လို့ ရှိရဲ့လား ...(မရှိပါဘုရား)။

## ခန္ဓာကိုယ်ကို ဉာဏ်နဲ့လှည့်ပါ

ဩော်...ယနေ့တော့ဖြင့် ဒကာ ဒကာမတွေ ပြောင်းကြပါဦးဆိုတဲ့ ဥစ္စာကို ဘုရားတစ်ဆူ တစ်ဆူပွင့်မှ တစ်ခါဟောတဲ့တရားဖြစ်လေသောကြောင့် ဒိဋ္ဌိနဲ့မလှည့်ဘဲနဲ့ ဉာဏ်နဲ့ခန္ဓာကိုလှည့်ပေးပါဆိုတာကို ဘုန်းကြီးက တရားမဟောခင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း ငါဘုရား ပွင့်တဲ့နေ့ကစပြီး ဒီတစ်ကြိမ်ပဲဟောတဲ့ တရား ဉာဏ်ခန္ဓာလှည့်ဖို့ ဟောတဲ့တရား ...လို့ သေသေချာချာ ဟောရှာတယ်...(မှန်ပါဘုရား)။

ဒကာ ဒကာမတွေ ခါတိုင်းတော့ ဒိဋ္ဌိနဲ့ ခန္ဓာလှည့်နေကြတယ်...(မှန်ပါ) အိမ်မှာနေတဲ့ အခါကျတော့ ဒါ, ဘယ်သူဖို့တုံး ...ငါဖို့ဆိုတော့ ခန္ဓာကို ဒိဋ္ဌိက လှည့်လိုက်တယ်...(မှန်ပါ) ဘယ့်နှယ်ကြောင့် ဒါလောက်ရှာနေတာတုံး ...ငါစားဖို့ပေါ့၊ ငါဝတ်ဖို့ပေါ့ ဆိုတော့ ဒိဋ္ဌိနဲ့ ခန္ဓာလှည့်တယ်...(မှန်ပါဘုရား)။

http://www.thitsarparamisociety.com/



## တဏှာနဲ့ ခန္ဓာလှည့်လိုက်တယ်

တစ်ခါတလေကျတော့ တဏှာနဲ့ လှည့်လိုက်တယ်... (မှန်ပါ့) ဒါက ငါ့သား, ငါ့သမီး ရှိသကိုး၊ ငါ့သား, ငါ့သမီးဖို့ လည်း ရှာရတယ်ဆိုတော့ တဏှာနဲ့လှည့်လိုက်တယ်...(မှန်ပါ့)။

ဒြော်...ဒကာ ဒကာမတွေ နေ့တိုင်း ခန္ဓာ ဘာနဲ့လှည့်နေကြပါလိမ့်မတုံး မေးတဲ့အခါကျတော့ ဒိဋ္ဌိနဲ့ တစ်ခါလှည့်လိုက်... (မှန်ပါ့) တဏှာနဲ့ တစ်ခါလှည့်လိုက်...(မှန်ပါ့)။

အင်း ...ဒကာ ဒကာမတွေ ဘာနဲ့လှည့်နေသတုံး ... (ဒိဋ္ဌိနဲ့ လှည့်နေပါတယ်ဘုရား)။

ခန္ဓာဘက် လှည့်တော့လှည့်တယ်...(လှည့်ပါတယ်) လှည့်ပေမယ့် ဒိဋ္ဌိနဲ့ တစ်ခါလှည့်လိုက်၊ ဒကာ ဒကာမတို့ တဏှာနဲ့ တစ်ခါလှည့်လိုက်...(မှန်ပါ့)။

## ခန္ဓာကို ဒိဋ္ဌိနဲ့ လှည့်တယ်

ဒြော်...ဒကာ ဒကာမတို့ ခက်ပါပြီ၊ ဒိဋ္ဌိနဲ့လှည့်ပြန်တော့ လည်း ပဋိစ္စသမုပ္ပါဒ်က ဆက်သွားတယ်...(မှန်ပါ့) တဏှာနဲ့ လှည့်ပြန်တော့လည်း ...(ပဋိစ္စသမုပ္ပါဒ်က ဆက်သွားပါတယ် ဘုရား) ပဋိစ္စသမုပ္ပါဒ်က ဆက်သွားတယ်...(မှန်ပါ့)။

http://www.thitsarparamisociety.com/


သေသေချာချာ မှတ်ကြပါ၊ ဒကာ ဒကာမတို့ ခန္ဓာကိုယ် တစ်နေ့ ဘယ်နှခါ လှည့်တယ်လို့လဲ၊ ဘုန်းကြီးကဖြင့် ကျောင်းကနေ ရေတွက်လို့မဖြစ်ဘူး ...(မှန်ပါ့)။

ကိုယ့်ဟာကိုယ် လှည့်လိုက်တာဖြင့် အင်း ...ဈေးထွက်နေ၊ ဈေးထိုင်နေ၊ ပွဲရုံပွဲထိုင်နေလုပ်နေကြတယ်၊ စက်တွေတည်ပြီး ရောင်းဝယ်ဖောက်ကားနေကြတယ်၊ ဒီထဲမှာ ဒကာ ဒကာမတွေ ကိုယ့်အချိုးနဲ့ ကိုယ်ပေါ့ဗျ...(မှန်ပါ့)။

အစုံပဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နေကြ...ထိုင်ကြတော့ ဘယ်သူက ဘာလုပ်နေကြတယ်ဆိုငြားသော်လည်း ကြီးကြီးကျယ်ကျယ်ရှာတဲ့ ပုဂ္ဂိုလ်ကလည်း ငါ့ဖို့ ငါ့သားဖို့ ငါ့သမီးဖို့ ပါပဲ...(မှန်ပါ့)။

သေးသေးကွေးကွေးရှာတဲ့ ဒကာ ဒကာမတွေကလည်း ငါ့ဖို့, ငါ့သား, ငါ့သမီးဖို့ ဘက်ပဲ လှည့်တာပဲ...(မှန်ပါ့)။

ဒါဖြင့် ဒကာသစ်တို့ ဒကာကြွယ်တို့က စဉ်းစားရမယ်...။ သြော်...နေ့တိုင်း ခန္ဓာဘက်သာ လှည့်ကြတယ်၊ တဏှာနဲ့ လှည့်တယ်၊ ဒိဋ္ဌိနဲ့ လှည့်နေတယ်...(မှန်ပါ့)။

ဘာနဲ့ လှည့်ကြပါလိမ့်...(တဏှာနဲ့ လှည့်ပါတယ်၊ ဒိဋ္ဌိနဲ့ လှည့်ပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


## ဉာဏ်နားနဲ့ ထောင်ကြပါ

ဉာဏ်နားနဲ့ထောင်ကြပါ၊ ဉာဏ်နားနဲ့ထောင်ကြပါ... (မှန်ပါ့) ဒကာ ဒကာမတွေ နေ့တိုင်း ငါစားဖို့ဆိုတော့ ဒိဋ္ဌိဘက် လှည့်လိုက်တယ်...(မှန်ပါ့) မလှည့်ကြဘူးလား ...(လှည့်ပါတယ် ဘုရား)။

ငါ့သား, ငါ့သမီးဖို့ ဆိုတော့ ဘာတဲ့ ...(တဏှာနဲ့ လှည့် ပါတယ်ဘုရား)။

အေး ...တဏှာနဲ့လည်း လှည့်တယ်...(မှန်ပါ့) ငါ့ဖို့ဆို တော့ ဘာနဲ့လှည့်သတဲ့ ...(ဒိဋ္ဌိနဲ့ လှည့်ပါတယ်) ငါ့သား, ငါ့သမီးဖို့ ဆိုတော့...(တဏှာနဲ့ လှည့်ပါတယ်ဘုရား)။

ဒကာကြွယ် တစ်နေ့လုံးဟာ ဒါနဲ့ကုန်သွားတာပဲ... (ကုန်ပါတယ်) သဘောပါကြပလား ...(ပါပါပြီဘုရား)။

ဘာနဲ့လှည့်ကြသတဲ့ ...(တဏှာနဲ့လှည့်, ဒိဋ္ဌိနဲ့လှည့်ပါ တယ်ဘုရား) တဏှာနဲ့လှည့်တာ တစ်ချီ...(မှန်ပါ့) ဒိဋ္ဌိနဲ့လှည့်တာ ...(တစ်ချီပါဘုရား) ကြောက်စရာကြီးပါလား ...(မှန်ပါ့)။

ခင်ဗျားတို့ ရှာနေတဲ့အဖြစ်ဟာလေ...(မှန်ပါ့) ဦးမာဒင်... ဘယ့်နှယ်နေသတဲ့ ...(ကြောက်စရာကြီးပါဘုရား) သို့သော်လဲ ...မကြောက်နဲ့ဦး ဖြစ်ပုံကလေးတော့ ပြရဦးမယ်... (မှန်ပါ့)။

http://www.thitsarparamisociety.com/


ဖြစ်ပုံကလေးတော့ ပြရဦးမယ် ဒကာ ဒကာမတို့...၊ ဒါက ဒကာ ဒကာမတွေ ခန္ဓာငါးပါး ...(မှန်ပါ့) ခန္ဓာငါးပါးရှိပြီး သင်္ကာလနေတော့ ခန္ဓာငါးပါးဟာ ယောက်ျားခန္ဓာ၊ မိန်းမခန္ဓာပဲ ခင်ဗျားတို့ ထားပါတော့...(မှန်ပါ့)။

ဒီခန္ဓာငါးပါးနဲ့ ဈေးထိုင်ရောင်းပြီးသင်္ကာလ နေတယ်။ ပွဲရုံ ပွဲစားလုပ်ပြီး သင်္ကာလ နေကြတယ်။ ဒီနှာ: လုပ်နေတဲ့အခါ ကျလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် စီးပွားရှာနေကြတယ်...(မှန်ပါ့)။

## ဒီအရွယ်ကြီး စီးပွားရှာတုံးပဲလား

စီးပွားရှာတော့ သူများက မေးရင်လည်း ဟာ...ဒီအသက် ဒီအရွယ်ကြီးနဲ့ ဘာဖြစ်လို့ ဒကာကြွယ်တို့ စီးပွားတွေ ရှာနေကြသတုံး ...ဦးသန်းမောင်တို့ ဘာဖြစ်လို့ ရှာကြသတုံး ...ကိုယ့်အတွက်ပေါ့ဘုရား ...ဆိုတော့ ဒီဟာကြီးကို ကိုယ်ယူပစ်လိုက်တယ်...(မှန်ပါ့)။

ဘာနဲ့ယူပစ်လိုက်သလဲဆိုတော့ ဒီက ဒိဋ္ဌိနဲ့ယူလိုက်တယ် ...(မှန်ပါ့) ဒိဋ္ဌိနဲ့ခန္ဓာငါးပါးကို ကိုယ်လုပ်ပစ်လိုက်တယ်... (မှန်လှပါဘုရား)။

http://www.thitsarparamisociety.com/


ကိုယ့်အတွက်ပေါ့ဘုရား ...(မှန်ပါ့) ဟာ...ကိုယ့်အတွက် ဖြင့် လုံလောက်ပါပြီကော၊ ဒါလောက်ဆိုရင် နေနိုင်, ထိုင်နိုင် ရှိပါပြီကောလို့ ဦးမာဒင်တို့ကိုပဲ ဘုန်းကြီးက သတိပေးလိုက် တယ်...(မှန်ပါ့)။

ဩော်...ဘုန်းကြီးက ပြောတော့ ကျောင်းကနေ ပြောတာ အလွယ်ကလေးရယ်...(မှန်ပါ့) ဘုန်းကြီးများလို အလွယ်တကူ ရတာမဟုတ်ဘူး၊ တပည့်တော်တို့က အခြံအရံနဲ့နေတာ...(မှန်ပါ့) အခြံအရံဘက် လှည့်ပစ်လိုက်တယ်...(မှန်ပါ့)။

## သားသမီးတွေဘက် လှည့်တယ်

အခြံအရံဘက် လှည့်တာကတော့ တဏှာနဲ့လှည့်တယ် ...(မှန်ပါ့) ကိုယ့်ဘက်လှည့်လိုက်တာကတော့ ဒိဋ္ဌိနဲ့...(မှန်ပါ့) အခြံအရံ သားသမီးတွေဘက် လှည့်လိုက်တော့...(တဏှာနဲ့ပါ ဘုရား)။

ဩော်...ဒကာသစ် ဒီ ဒကာ ဒကာမတွေ စီးပွားရှာတာ မရှာစေချင်လို့ မဟုတ်ပါဘူး ...(မှန်ပါ့) လှည့်ပုံနေရာမကျလို့ ပြနေပါတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ...(မှန်ပါ့)။

လှည့်ပုံက...(နေရာမကျလို့ ပြနေတာပါ) ဒကာကြွယ်... ဒီတရား ကြားရခဲ့တယ်၊ ဘုရားတစ်ဆူ တစ်ဆူမှ တစ်ခါဟော ထားတာနော်...(မှန်ပါ့)။

http://www.thitsarparamisociety.com/


ဘုရားတစ်ဆူ တစ်ဆူမှ...(တစ်ခါဟောတာပါ) တစ်ခါပဲ ဟောတယ်လို့ဆိုတာ ဒကာ ဒကာမတွေ သေသေချာချာမှတ်ပါ... (မှန်ပါ့)။

ဒကာကြွယ် ဘယ့်နှယ်ကြောင့် ဒီအရွယ်ကြီး အလုပ်တွေ မသိမ်းသေးသတုံးဗျ၊ ဘုန်းကြီးကပဲ မေးတယ်ထားပါတော့၊ မိတ်ဆွေသင်္ဂဟတွေက မေးတယ်ထားပါတော့ ...(မှန်ပါ့)။

## ခန္ဓာကိုယ်ကြီး 'ကိုယ်' ထင်လိုက်တယ်

ဩော်...ကိုယ်စားဖို့ဆိုတာ ကိုယ့်အတွက်ကလေး ကိုယ် လုပ်ရသေးတာပေါ့...(မှန်ပါ့) အင်း ...ဒိဋ္ဌိက ဘယ်ဘက်လှည့် သွားသတုံး ...(ခန္ဓာဘက်လှည့်ပါတယ်) ကိုယ့်ဘက်လှည့်တယ် ... (မှန်ပါ့) ခန္ဓာကိုယ်ကြီးကို ကိုယ်ထင်လိုက်တယ်... (မှန်ပါ့)။

ဦးသန်းမောင် ဘယ်ဘက်လှည့်သတုံး ...(ကိုယ့်ဘက် လှည့်လိုက်ပါတယ်) ဩော်...ကိုယ်စားဖို့လည်း လိုသေးတယ် ဘုရား၊ ဒါ ဒိဋ္ဌိဘက် လှည့်လိုက်တာနော်...(မှန်ပါ့)။

ဒကာကြွယ် ဒီလိုလှည့်ဖူးရဲ့လား ...(လှည့်ဖူးပါတယ်) လှည့်ဖူးတာ နေ့တိုင်းလှည့်နေတာ တပည့်တော် မူးတောင်လာနေ ပြီလို့ ပြောပါတော့၊ အဲဒါလောက် ဆိုးဝါးပါတယ်ဆိုတာလည်း ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

http://www.thitsarparamisociety.com/



နောက်တစ်နေ့ မေးပြန်တော့ ခင်ဗျားကြီးလည်း ကြီးပြီဗျာ...။

ခေါင်းဖြူစွယ်ကျိုးနဲ့ ဘာလုပ်စရာ ရှိသေးသတုံး ... ထိုင်ပါတော့လားလို့ မေးတဲ့အခါကျလို့ရှိရင်တော့ ဟော...ဗျာ.. ပွားစည်းထားတာကလေးတွေက မကောင်းရာ မကောင်းကြောင်း ရှိနေသေးတယ်ဆိုတော့ တဏှာနဲ့ လှည့်လိုက်တယ်...(လှည့်လိုက်ပါတယ်ဘုရား)။

## မကောင်းရာ မကောင်းကြောင်း

မကောင်းရာ မကောင်းကြောင်းဆိုတော့ ဘာနဲ့လှည့်လိုက်သလဲ...(တဏှာနဲ့ လှည့်လိုက်ပါတယ်) မကောင်းတာက တဏှာက မကောင်းတာ...(မှန်ပါ့)။

ဒကာကြွယ်တို့များ လှည့်လိုက်တဲ့ဖြစ်ခြင်း ဒိဋ္ဌိနဲ့ လှည့်လိုက်တစ်ခါ...(မှန်ပါ့) တဏှာနဲ့...(လှည့်လိုက် တစ်ခါပါဘုရား)။

မသိပါဘူး ခင်ဗျားတို့ ...(မှန်ပါ့) မသိပါဘူး ဒါနဲ့ ဧည့်ခံနေတာပါ ...(မှန်ပါ့)။

ဦးမာဒင် ဒါနဲ့ ဘာလုပ်နေကြသလဲ...(ဧည့်ခံနေပါတယ်) ဖြစ်မှဖြစ်ရပလေး..အပါယ်သွားမလို့ ဧည့်ခံနေတာ... (မှန်ပါ့ဘုရား)။

## အပါယ်သွားမလို့ ချည့်ခံနေတာ

ဘယ်သွားမလို့လဲ...(အပါယ်သွားမလို့ ချည့်ခံနေတာပါ ဘုရား)။

ဦးဘကြွယ်တို့ သေသေချာချာ နားထောင်ပါ ခင်ဗျားတို့၊ ကြပ်ကြပ်ဂရုစိုက်ပြီး နားထောင်ပါ၊ ခင်ဗျားတို့ လုပ်နေတဲ့ အလုပ်က အလွန်ကြောက်စရာကောင်းလွန်းလို့ ပြောပြီးသကာလ နေပါတယ်...(မှန်ပါ့ဘုရား)။

ဘုရားကလည်း ဒီအတိုင်းပြောပါကွာ ဘုရားတစ်ဆူတစ်ဆူပွင့်တဲ့အခါမှ ဒီဥစ္စာကိုမှ မင်းတို့ ဉာဏ်ရောက်အောင် မပြောနိုင်လို့ရှိရင်ဖြင့် ဒီ ဒကာ ဒကာမတွေဟာ အပါယ်လေးပါးမှ တက်စရာ မရှိဘူး ...(မှန်ပါ့ဘုရား)။

## အင်မတန် အရေးကြီးတဲ့အချက်

ဒကာ ဒကာမတွေ ဉာဏ်နားနဲ့ သေသေချာချာ ထောင်ကြပါနော်...၊ အင်မတန်မှ အရေးကြီးတဲ့အချက်ကို ပြောနေပေါ့ ဆိုတဲ့ဥစ္စာ....(မှန်ပါ့ဘုရား)။

ကဲ...ဒကာကြွယ် ဆိုင်များထိုင်နေတဲ့အခါ ဆိုင်များထိုင်ပြီးသကာလ နေတဲ့အခါကျလို့ရှိရင်ဖြင့် ဘုန်းကြီးလာတဲ့အခါ ဒကာကြွယ် အလုပ်မရပ်သေးဘူးလားဆိုတော့ ကိုယ့်အရေးက

http://www.thitsarparamisociety.com/

လိုသေးသကိုးဘုရား ...(မှန်ပါ့) အင်း ...သာမည ဆရာသမား ဆိုရင်ဒီအတိုင်း သူပြောမှာပဲ...(ပြောပါမယ်ဘုရား)။

ဦးမာဒင်ကြီး ဘယ်လိုပြောမယ်ထင်သတုံး ...(ဒီအတိုင်း ပြောမှာပါ) ဒီအတိုင်းပဲ၊ ဩော်...တော်တော်ခက်နေပကော... (မှန်ပါ့ဘုရား)။

ကိုယ့်အရေးဆိုလို့ရှိရင် ခင်ဗျားတို့ရှိတာနဲ့ထိုင်စားလို့ရှိရင် ဖြင့် သေမှာနဲ့ တိုင်းလိုက်လို့ရှိရင်ဖြင့် ပိုတောင်းနေပါသေးတယ်၊ အသုဘစရိတ်တောင် ကျန်ပါသေးတယ်...(မှန်ပါ့ဘုရား) မကျန် ဘူးလား ...(ကျန်ပါတယ်ဘုရား)။

ကျန်ပင်ကျန်ငြားသော်လည်း ဦးသန်းမောင်တို့၊ ဦးဘထွေးတို့က ဆင်ခြေလဲလိုက်တယ်...(မှန်ပါ့) ဩော်... ကိုယ့် အတွက်ကတော့ တင်းတိမ်လောက်ပါပြီ၊ ကိုယ်ကပွားထားတာ ကလေးတွေ မျက်စိသူငယ် နေရစ်မှာစိုးလို့ ပိုလုပ်နေရတယ်... (မှန်ပါ့ဘုရား)။

## တဏှာနဲ့ ဧည့်ခံတယ်

အင်း ...တစ်ခုနဲ့ဧည့်ခံနေပြန်ပြီ...(မှန်ပါ့) တဏှာနဲ့ဧည့် ခံတယ်...(မှန်ပါ့) ကိုယ့်အတွက်ဆိုတော့ ဘာနဲ့ဧည့်ခံသတုံး ... (ဒိဋ္ဌိနဲ့ ဧည့်ခံပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


ဘု, စု, ခရုတွေက ဘုရား ...မှီစားနေတာတွေက မနည်းဘူးဘုရား၊ သူတို့က ခြေလက်မသန်စွမ်းသေးဘူးဘုရား၊ အကြံဉာဏ် မရှိသေးဘူးဘုရား၊ ဒါကြောင့် ကိုယ်၏စောင်မခြင်းနှုတ်၏စောင်မခြင်းနဲ့ မကောင်းတရားကလေးက ရှိနေတော့... (မှန်ပါ့) မကောင်းတရားကလေးက တဏှာကိုးဗျ...(မှန်ပါ့) မကောင်းတရားကလေးက ရှိနေတော့ တပည့်တော်များမှာ အရှင်ဘုရားများလိုလည်း ကျွတ်ကျွတ်လွတ်လွတ် မထွက်နိုင်တော့၊ ဩော်... သူမထွက်တော့ဘူးပြောတာ...(မှန်ပါ့) ဝဋ်ထဲက မထွက်တော့ဘူးတဲ့...(မှန်ပါ့ဘုရား)။

ဒကာကြွယ် ဘာတဲ့တုံး သူ့ဟာသူ ဗျာဒိတ်ပေးသွားတယ်...(ပေးပါတယ်) ဘယ်လိုများ ပေးသွားတုံး ...(ဝဋ်ထဲက မထွက်တော့ဘူး ပေးပါတယ်ဘုရား)။

## ဝဋ်ထဲက မထွက်နိုင်တော့ဘူး

ဝဋ်ထဲက မထွက်နိုင်သေးတော့ ထွက်မှာလည်း မဟုတ်ပါဘူး၊ သူ့ဟာက မထွက်နိုင်သေးတော့ ဆိုကတည်းက ဒကာဒကာမတွေ အတော်ကြောက်စရာကောင်းနေပြီ...(မှန်ပါ့) ဩော်... သူများက မထွက်ဘူးလို့ ပြောတာလား၊ သူက မထွက်ဘူးပြောတာလား ...(သူက မထွက်ဘူးပြောတာပါဘုရား)။

http://www.thitsarparamisociety.com/

ဖြစ်မှုဖြစ်ရလေ ဒကာကြွယ်...(မှန်ပါ) ခင်ဗျားတို့ ပြောတဲ့ စကားထဲမှာကို ဝင့်မှမထွက်ဘူးဆိုတဲ့၊ ဝင့်ကလေးက မကျွတ်သေးတော့ ဒီလိုပဲဘုရား ...တဝဲလည်လည်နေရသေးတယ်... (မှန်ပါ) အစရှိသည်နဲ့တဲ့ မပါဘူးလား ...(ပါ, ပါတယ်ဘုရား)။

ဒါဖြင့် နေ့တိုင်း အလုပ်လုပ်နေကြတယ် ဒီဧည့်ခံနှစ်ခုနဲ့ လုပ်နေတာပဲ...(လုပ်နေပါတယ်ဘုရား)။

ဒါဖြင့် နေ့တိုင်း အလုပ်လုပ်နေကြတာ...(ဒီဧည့်ခံနှစ်ခုနဲ့ လုပ်နေကြတာပါ) ဒိဋ္ဌိနဲ့ ဧည့်ခံလိုက်...(မှန်ပါ) ပြီးတော့ကော... (တဏှာနဲ့ဧည့်ခံပါတယ်ဘုရား)။

ဦးဘထွေး ဘာနဲ့ ဧည့်ခံသတုံး ...(ဒိဋ္ဌိနဲ့ ဧည့်ခံ, တဏှာနဲ့ ဧည့်ခံပါတယ်ဘုရား)။

## အမြင်ကတော့ စီးပွားရှာနေတာ

ဩော်...ဘုန်းကြီးတို့ ဒကာ ဒကာမတွေ စီးပွားရှာနေတာလား အောက်မေ့နေတယ်...တဲ့၊ အမြင်တော့ စီးပွားရှာနေကြတာ ...(မှန်ပါ) အရောက်ကတော့ဖြင့် အပါယ်လေးပါးရောက်ရမယ်... (မှန်လှပါဘုရား)။

အမြင်တော့ဖြင့် စီးပွားရှိနေတာပဲ၊ ရှာရင်းမတ္တနဲ့ အပါယ်လေးပါးရောက်ရမယ်...(မှန်ပါဘုရား)။

http://www.thitsarparamisociety.com/



ဒကာ ဒကာမတွေ သေသေချာချာကြည့်ပါ...(မှန်ပါ့) သေသေချာချာကြည့်ပါ ဒကာ ဒကာမတို့ ဒီတရားမျိုး အင်မတန်မှလည်း ခဲယဉ်းပါတယ်...(မှန်ပါ့) ခင်ဗျားတို့ သာမည သီလတရားနဲ့ဆိုလို့ရှိရင်ဖြင့် ဒါအပြစ်မရှိပါဘူး ...(မှန်ပါ့) သီလတရားနဲ့ကျလာတော့ ခင်ဗျားတို့ ထွက်ရပ်လမ်း အစစ်တရားနဲ့ကျလာတော့ အပြစ်ကရှိတယ်...(မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီးကို ငါစားဖို့ဆိုပြီးရှာတော့ ခန္ဓာကိုယ်ပေါ်မှာ ငါဒိဋ္ဌိနဲ့ မစွဲဘူးလား ...(စွဲပါတယ်) ဟော...ဒိဋ္ဌိကလေးပေါ်လာတော့ ဝမ်းထဲမှာပဲ ပေါ်ပါတယ်...(မှန်ပါ့ဘုရား)။

မဟုတ်ပါဘူး၊ ဒါ ကိုယ်စားဖို့ဆိုပြီး ရှာတော့ ခန္ဓာကိုယ်ကိုယ်ထင်တဲ့ ဒိဋ္ဌိပေါ်လာတယ်ဆိုတာလည်း ဒကာ ဒကာမတွေ အမြင်သားပါ...(မြင်ပါတယ်)မမြင်ရသေးဘူးလား ...(မြင်ပါတယ်ဘုရား)။

ဒိဋ္ဌိပေါ်လာတော့ ပဋိစ္စသမုပ္ပာဒ်က မနေပါဘူး ဒကာသစ်ရ...(မှန်ပါ့) ဒိဋ္ဌုပါဒါန်ဆိုတာ နောက်ကလိုက်လာတယ်...(မှန်ပါ့) ဒိဋ္ဌိနောက်က ဒိဋ္ဌုပါဒါန်ဆိုတာ လိုက်လာတယ်...(မှန်လှပါဘုရား)။

နောက်ကနေပြီးသကာလ ဥပါဒါနပစ္စယာ ကမ္မဘဝေါလိုက်တယ်...(မှန်ပါ့) မလိုက်ဘူးလား ...(လိုက်ပါတယ်)

http://www.thitsarparamisociety.com/

ကာယကံ ဝစီကံတွေနဲ့ ပြောလိုက် ဆိုလိုက်တာတွေ မလာဘူးလား ...(လာပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိရှိလို့ စွဲစွဲလမ်းလမ်း ဒကာ ဒကာမတွေ ကိုယ့်ခန္ဓာကို စွဲစွဲလမ်းလမ်းဖြစ်တဲ့ ဥပါဒါန်က...(လာပါတယ်ဘုရား)။

ဥပါဒါန်လာလို့ ဒီခန္ဓာကိုယ်ကြီးကို လူချင်းတူတူ သူချင်းမျှမျှ ဝတ်ရ စားရအောင် ပြုမဟဲ့...စုမဟဲ့ ဆိုတဲ့ ကာယကံ, ဝစီကံတွေနဲ့ကော ထ,မလုပ်ဘူးလား ...(လုပ်ပါတယ်ဘုရား)။ ဒါဖြင့် ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ...(မှန်ပါ့ဘုရား)။

**အပါယ်ဇာတိ**

ကဲ...ဒကာသစ် ကမ္မဘဝပစ္စယာ...(ဇာတိပါ) ဟာ ရိုးရိုးမလုပ်နဲ့လေ...(အပါယ်ဇာတိပါ) ရိုးရိုးမလုပ်ပါနဲ့၊ ရိုးရိုးဆိုလို့ရှိရင် ဒီဟာတွေ မှားကုန်မှာစိုးလို့ ...(မှန်ပါ့ဘုရား)။

ဒိဋ္ဌိက အပါယ်ကျစေတတ်တယ်...(မှန်ပါ့) ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံကကော...(အပါယ်ကျစေတတ်ပါတယ် ဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေ ဒီဘက်မှာ အပါယ်, ဇာတိ, ဇရာ, မရဏဆိုပြီး သုံးလုံးချတယ်...(မှန်ပါ့) ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

http://www.thitsarparamisociety.com/


ဘာလုပ်ဖို့ ရှာကြတာတုံးဆိုတော့ ကိုယ်လည်းစားဖို့ပေါ့ဘုရား၊ ဟုတ်လား ...(မှန်ပါ့) ကိုယ်လည်းစားဖို့ပေါ့ဘုရားဆိုတာ သူကပြောတာ...(မှန်ပါ့) ဘယ်သူက ပြောတာတုံး ...(ဒိဋ္ဌိက ပြောတာပါဘုရား)။

ကိုယ်လည်း စားဖို့ဆိုတော့ အဟုတ်ကိုစားဖို့လားလို့ ဆိုလို့ရှိရင် အဟုတ်ကိုစားဖို့ဆိုတော့ ဥပါဒါန်ကပြောတယ်... (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားထိုင်နေသလား ...အားထုတ်နေသလား၊ စားဖို့သောက်ဖို့အလုပ်ကို ကိုယ်ရော့နှုတ်ရော အားထုတ်လုပ်ရသေးသလားလို့မေးလို့ရှိရင် ဘယ့်နှယ်ပြောမလဲ...(ပြောရဆိုရ အားထုတ်ရပါတယ်) ဒါဖြင့် ကာယကံ, ဝစီကံ...(မှန်ပါ့ဘုရား)။

## ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ

ဒီတစ်ခုက ဘာပါလိမ့်...(ကာယကံ, ဝစီကံပါဘုရား) ဒါဖြင့် မသေခင်တော့ဖြင့် ဒိဋ္ဌိ, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ။ ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ...(မှန်ပါ့ဘုရား)။

နောက်တစ်ခါ လှည့်ပြန်တော့လည်း ဒီအတိုင်းလှည့်မယ်...(မှန်ပါ့) သေတော့ ကမ္မဘဝပစ္စယာ...(အပါယ်ဇာတိပါ ဘုရား)။

http://www.thitsarparamisociety.com/

ဒကာ ဒကာမတွေ ရှုတ်စမ်းပါ၊ ကမ္မဘဝပစ္စယာ... (အပါယ်ဇာတိပါဘုရား)။

ဦးမာဒင် ဒါလျှော့ပေါ့ရင် ဘုန်းကြီးအပါယ်ရောက်မယ် ...(မှန်ပါ့) လျှော့ပေါ့ရင် အပါယ်ရောက်မယ်၊ ဘာဖြစ်လို့တုံး ဆိုတော့ ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်သွားရမှာကိုး ...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ကိုယ်ဟူသော အထိမ်းအမှတ် ကို မဖြုတ်နိုင်သေးသ၍ ကာလပတ်လုံး ဒိဋ္ဌိပြုတ်ပါ့မလား ... (မပြုတ်ပါဘုရား)။

## ခန္ဓာငါးပါးကို ကိုယ်ပဲထင်တယ်

ကိုယ်စားဖို့ဘုရာ့ဆိုတာ ဒီခန္ဓာငါးပါးကို ခန္ဓာငါးပါးထင် သေးရဲ့လား၊ ကိုယ်ပဲထင်သလား ...(ကိုယ်ပဲထင်ပါတယ်) ကိုယ်ပဲထင်ပါတယ်ဆိုတာ ဦးမာဒင် ငြင်းဖို့လိုသေးသလား ... (မလိုပါ) ဦးသန်းမောင် ငြင်းဖို့လိုသေးသလား ...(မလိုပါဘုရား)။

ဘာလုပ်ဖို့ ဦးသန်းမောင်တို့ ဒီအလုပ်ကြီး လုပ်နေပါ လိမ့်, ကိုယ်စားဖို့ပေါ့ဘုရား ...(မှန်ပါ့) ဒီကိုယ်စားဖို့ ...(မှန်ပါ့) ဒီကိုယ်စားဖို့ ဘယ်သူက ပြောတာတုံး ...(ဒိဋ္ဌိက ပြောတာပါ ဘုရား)။

http://www.thitsarparamisociety.com/


ဒိဋ္ဌိပြောတော့ ပဋိစ္စသမုပ္ပာဒ်က ဦးမာဒင် ရပ်ပါ့မလား ...(မရပ်ပါ) မရပ်ဘူးဆိုတာ ဒကာကြွယ် သေချာပဲလား ... (သေချာပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်...(မှန်ပါ့) ဥပါဒါနပစ္စယာ... (ကမ္မဘဝေါပါ) ကမ္မဘဝပစ္စယာ=သေသည်၏ အခြားမဲ့၌... (အပါယ်ဇာတိပါဘုရား)။

ဩော်...ဒါဖြင့် ဘုရားတစ်ဆူတစ်ဆူမှ တစ်ခါပေါ တယ်ဆိုတော့ ဒါဖြင့် အရှင်ဘုရားအလိုတော့ဖြင့် စီးပွားရှာစားဖို့ တောင် အတော်ခဲယဉ်းနေပြီ...(မှန်ပါ့) ဦးမာဒင်တို့က လာမယ်။ သူတို့က ရှာချင်တဲ့ဘက်ကလူကိုး ...(မှန်ပါ့) ဒကာကြွယ်က လာ မှာပဲ...(လာမှာပါ) ဘုန်းကြီးက တစ်ပါးတည်းပါပဲ မထူးပါဘူး ... (မှန်ပါ့) ခင်ဗျားတို့က အကုန်ပါပဲ...(အကုန်ပါပဲ) အတော် ဆိုးနေပြီဆိုတာ ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ်ဟူသော အထိမ်း အမှတ်ကို မဖြုတ်နိုင်သ၍ ကာလပတ်လုံး ဒိဋ္ဌိလာမယ်...(မှန်ပါ့) ဒိဋ္ဌုပါဒါန်...(လာမှာပါ) ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ...(လာမှာပါ) မလာပေ ဘူးလား ...(လာပါတယ်ဘုရား)။

## အရိယာဓမ္မ မကြိုးစားလို့

ဒါ ဘာပါလိမ့်မလဲလို့ မေးလုံးထုတ်တော့မှ...တဲ့ အရိယာဓမ္မကို ခင်ဗျားတို့ မကြိုးစားလို့ဖြစ်ရတာပါ...(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ဖြစ်ရတာတုံး ...(အရိယာဓမ္မ မကြိုးစားလို့ ဖြစ်ရတာပါဘုရား)။

အရိယာဓမ္မ မကြိုးစားလို့ဖြစ်ရတော့ သြော်...ကိုယ့်အတွက် ရှာတယ်လို့ဆိုတဲ့ အဓိပ္ပာယ်သည်ကားလို့ ဆိုရင်ဖြင့် ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်နဲ့ ဦးဘထွေးတို့၊ ဦးသန်းဖေတို့၊ ဦးသန်းမောင်တို့ ဘုန်းကြီး လျှော့မဟောနိုင်ဘူး ...(မှန်ပါ့ဘုရား)။

မဟောနိုင်ဘူး၊ ဒါက ဒီအစဉ်အတိုင်း မသွားပါနဲ့ဆိုလို့ ရပါ့မလား ...(မရပါ) ဘုရားတားလည်း ...(မရပါဘုရား)။

အဲ...ခင်ဗျားတို့ အခု ဘုန်းကြီးပြောတဲ့ဉာဏ်နဲ့တားရင်၊ ကိုယ့်ဉာဏ်နဲ့ ကိုယ်တားရင် ရတယ်...(မှန်ပါ) ဘုရားကိုယ်တိုင် ကိုယ်တော်ကြီး ဒီနားကထိုင်ထား ဒီပဋိစ္စသမုပ္ပာဒ် မရဘူး ... (မှန်ပါ့) ဘုန်းကြီးက ဒီအနား ညီအစ်ကို၊ မောင်နှမ၊ အမေမိဘတွေ တော်ဖူးတာချည်းပဲဆိုပြီး ထိုင်ထား ...(မရပါ) ခင်ဗျားတို့ ဝမ်းထဲမှာ တန်းနေလို့ ဒကာသစ် ရကို–မရဘူး ...(မရပါ) ရိပ်မိကြပလား ...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာဟာ ဒကာ ဒကာမတို့ အရိယာဓမ္မဖြစ်တဲ့ ဥစ္စာကို ခင်ဗျားတို့ ကြိုးစားလိုက်ပြန်တော့လည်း လွတ်သွားတယ်...(မှန်ပါ့) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ဒကာကြွယ်ရေ...ကိုယ့်အတွက်တော့ စားဖို့သောက်ဖို့ လုံလောက်ပြီမဟုတ်လား ...(လုံလောက်ပါပြီ) ဘယ့်နှယ်ကြောင့် ဒကာကြွယ်တို့၊ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့က ချဲ့နေရသေးသတုံးလို့မေးတော့ ဩော်...တစ်ကိုယ်ရေ တစ်ကာယ မဟုတ်ဘူးဘုရား ...(မှန်ပါ့) လာပြီ ခင်ဗျားတို့ ဆင်ခြေက...(မှန်ပါ့ဘုရား)။

ဘာတဲ့တုံး ...(တစ်ကိုယ်ရေ တစ်ကာယမဟုတ်ပါ) အင်း ...နဂိုကလည်း တစ်ကိုယ်ရေတစ်ကာယ နေချင်တဲ့စိတ်လည်း မရှိပါဘူး ...(မှန်ပါ့) ဆင်ခြေသာ လဲတာပါ။

## မကောင်းတရားတွေက သိပ်များတယ်

ဆင်ခြေသာ လဲတာပါ၊ တစ်ကိုရေတစ်ကာယလည်း မဟုတ်တော့ အရှင်ဘုရားများလို မလွယ်ဘူးဘုရား ...(မှန်ပါ့) မကောင်းတရားတွေက သိပ်များတယ်...(မှန်ပါ့) ဒါ ဆင်ခြေလဲကြမလား ...မလဲကြဘူးလား ...(လဲကြမှာပါဘုရား)။

ဆင်ခြေလဲတာလား အဟုတ်ကိုပြောတာလား ...(အဟုတ်ပြောတာပါဘုရား)။

http://www.thitsarparamisociety.com/


အံမာ...တော်တော်ရဲပါကလား၊ အဟုတ်ကိုပြောတာတဲ့၊ မကောင်းတရားရှိတာကို ကျူပ်တော့ မှန်မှန်ပြောလိုက်တာပဲ... (မှန်ပါ့) ဟုတ်လည်းဟုတ်တယ်...(ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် မကောင်းတရားရှိတော့ ဒီဘက်က သားသမီးခန္ဓာ ငါးပါးတွေကို အကြောင်းရင်းခံပြီးတော့ သူပြပြန်တာပဲ... (မှန်ပါ့) မပြဘူးလား ...(ပြပါတယ်ဘုရား)။

အဲ...မကောင်းတရားဆိုတော့ မကောင်းတာက...(တဏှာ ဘဝပါ)...ကမ္မဘဝပစ္စယာ...(အပါယ်ဇာတိပါဘုရား)။

ဒါခင်ဗျားတို့ရှာနေတဲ့ အပြစ်ကဖြင့် ကိုယ့်ဖို့ရှာလို့ရှိရင်လည်း ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ၊ သေသည်၏ အခြားမဲ့၌ အပါယ်ဇာတိ...(မှန်ပါ့) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ဟာ...မကောင်းတရားနဲ့ ကိုယ့်အတွက်ကတော့ လုံလောက်ပါပြီ၊ ဘာလုံလောက်တာလည်း မပြောတတ်ပါဘူး ...(မှန်ပါ့) ရတာတော့ အပါယ်လေးပါးပါပဲ သူ့ဟာ...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

http://www.thitsarparamisociety.com/


## ဘာတွေလုံလောက်နေတာတုံး

ကိုယ့်အတွက်ကတော့ ဒကာကြွယ် ဘယ့်နှယ်တဲ့... (လုံလောက်ပါပြီ) ဘာတွေလုံလောက်နေတာတုံး ပြောပါဦး ... (အပါယ်ဓာတ်ပါ) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဘာတွေများ လုံလောက်နေတာတုံး ...(အပါယ်လေးပါး ပါဘုရား)။

ခင်ဗျားတို့ပြောတာကတော့ ကိုယ့်အတွက်ကတော့ လုံလောက်ပါပြီ၊ မကောင်းတရားကလေးတွေ၊ ကိုယ်မွေးမြူထားတာကလေးတွေက ရှိပြီးသကာလ နေတော့ ဒါကလေးတွေ မျက်စိသူငယ်နဲ့ နေရစ်မှာစိုးတော့၊ လူ့အောက်ကျမှာ စိုးရိမ်တယ်ဘုရား ဆိုပြီး ဒကာ ဒကာမတွေက ဒီသားသမီးတွေ ကူညီချင်တဲ့ စိတ်မများဘူးလား ...(များပါတယ်ဘုရား)။

သူတို့ လူ့အောက်ကျမှာတော့ မစိုးရိမ်ဘူးလား ...(စိုးရိမ်ပါတယ်) ကိုယ်အပါယ်ကျမှာတော့...(မစိုးရိမ်ပါဘုရား)။

ခွကျလိုက်တာ...အံမာလေး ...ကြောက်စရာကြီးပါလား ...(မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဒီကလေးတွေ လူ့အောက်ကျမှာတော့ ဘာတဲ့...(စိုးရိမ်ပါတယ်) ကိုယ်အပါယ်ကျမှာတော့ ...(မစိုးရိမ်ပါ

http://www.thitsarparamisociety.com/

ဘုရား)။

ရဲတင်းပါပေ့ဗျာ၊ အတော်ဆိုးနေပြီဆိုတာ မပေါ်ကြသေးဘူးလား ...(ပေါ်ပါပြီဘုရား)။

## ဉာဏ်ဝင်လိုက်ရင်ပြီးပါတယ်

ဒါမသိလို့ ဖော်ပြနေတာနော်...(မှန်ပါ့) ဒီနေရာမှာ ဉာဏ်ဝင်လိုက်ရင်လည်း တစ်ချက်တည်းနဲ့၊ ဒကာသစ် ပြီးပါတယ်...(ပြီးပါတယ်ဘုရား)။

သို့သော်လည်း ခင်ဗျားတို့က အခုပြောတဲ့ နှစ်ချက်နေရာမှာ ဉာဏ်ဝင်ပြီးပလားလို့ မေးတော့ ဦးမာဒင်တို့ မဝင်ရသေးပါဘုရားပဲ ဖြေရမယ်...(မှန်ပါ့) ဦးသန်းမောင် မေးရင်ကော...(ဉာဏ်မဝင်ရသေးပါဘုရား)။

ဖြစ်မှ ဖြစ်ရပလေ...၊ အတော်ဆိုးနေပြီ ဒကာ ဒကာမတို့...(မှန်ပါ့) သေသေချာချာ ဉာဏ်နားနဲ့ ထောင်ကြည့်တော့ ဒါ... အိမ်တွင်းက နေသွားတဲ့ အပါယ်လေးပါး ...(မှန်ပါ့)...ထိုင်နေရင်းသွားတဲ့ အပါယ်လေးပါး ...(မှန်ပါ့) အိမ်တွင်းမှာ စီးပွားရေးအကြံထုတ်နေရင်းမတ္တနဲ့ ...(သွားတဲ့ အပါယ်လေးပါးပါဘုရား)။

ဩော်...ခင်ဗျားတို့ သူများပို့တာ မစောင့်နိုင်ဘူး၊ ကိုယ့်အိမ်က ကိုယ်သွားမယ်ပြောတဲ့ အဓိပ္ပာယ်ရောက်တယ်...(ရောက်

http://www.thitsarparamisociety.com/


ပါတယ်ဘုရား)။

## ဉာဏ်နဲ့စဉ်းစားကြပါ

သဘောကျပြီလား ...(ကျပါပြီ) ကိုယ့်အိမ်က ကိုယ် ဘယ်သွားကြမတုံး ...(အပါယ်သွားကြမှာပါဘုရား)။

ဉာဏ်နဲ့စဉ်းစားကြပါနော်...(မှန်ပါ့) ဉာဏ်နဲ့စဉ်းစားပါ၊ ဒီဥစ္စာ ဒီဘက်ဇာတိကျအောင် ပြထားတဲ့ ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိ အုပ်ချုပ်တဲ့ကံ...(မှန်ပါ့) သေသည်၏ အခြားမဲ့၌ အပါယ်ဇာတိ... (မှန်ပါ့)။

ဒါ ဘယ်ကနေ သွားတာတုံးလို့ မေးတဲ့အခါကျတော့ကို ကိုယ့်လုပ်ဖို့လုပ်ရာက သွားတာ...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီ ဘုရား)။

ကိုယ့်ဖို့တော့ လုံလောက်ပါပြီဘုရား ...၊ အခုရှာနေတာ ကိုယ်ကတော့ နေချိန်နဲ့ သေချိန်, သေချိန်က များပါပြီ...၊ သို့သော် လည်း သူတို့ခြေရာ လက်ရာကလေးတွေ လက်ထပ်ရပြီး သကာ လ လူ့အောက်မကျအောင်လို့ တပည့်တော်တို့ လူကြီးဝတ္တရားက လည်း ရှိသေးတယ်...(မှန်ပါ့)။

ဒကာကြွယ် လူကြီးဝတ္တရားက ဘာတဲ့...(ရှိပါသေး တယ် ဘုရား)။

http://www.thitsarparamisociety.com/

အံမာလေး ...ကြောက်စရာကြီးပါလား ...၊ လူကြီးဝတ္တရား ဦးမာဒင် ရှိသေးဆိုပါလား ...(မှန်ပါ့)။

အင်း ...လူကြီးဝတ္တရား မကျွတ်သေးဘူးပေါ့လေ... (မှန်ပါ့) ကဲ...ရှိပါစေတော့၊ ခင်ဗျားတို့ ဗျာဒိတ်နဲ့ ခင်ဗျားတို့ပဲ...။

ဒါဖြင့် အဲဒီကျတော့ သူတစ်ပါး ငဲ့တဲ့အတွက်၊ အားလုံး ဒကာ ဒကာမတွေ သူတစ်ပါး ခင်မှု, မင်မှု, မကောင်းတရားရှိတဲ့ အတွက် မကောင်းတာက တဏှာ...(မှန်ပါ့)။

မကောင်းမှု စွဲလမ်းတာက ...(ဥပါဒါန်)မကောင်းမှုကြောင့် ကာယကံ, ဝစီကံနဲ့ လုပ်တာက...(ကမ္မဘဝ) ကမ္မဘဝပစ္စယာ ဒီလူကြီးတွေ သေတော့ ဘယ်သွားမတုံး ...(အပါယ်ဇာတိပါဘုရား)။

## မကောင်းတရားနဲ့ အပါယ်ကျတာ

ရိပ်မိပြီ...(မှန်ပါ့) ဒါက မကောင်းတရားနဲ့ကျသွားတာ... (မှန်လှပါ) ခုနင်ကတော့ ကိုယ့်ဖို့နဲ့ကျတယ်...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

မကောင်းတရားနဲ့ကျတာ ကြိုက်သလား ...ကိုယ့်ဖို့နဲ့ကျတာ ကြိုက်သလား ...(ဘယ်ဟာမှ မကြိုက်ပါဘုရား)။

http://www.thitsarparamisociety.com/


ဒကာ ဒကာမတို့ သေသေချာချာ နားထောင်ကြည့်တော့မှ ဒီအရုပ်ဆိုးကြီးဟာ အတော်ကြီးတယ်နော်...(ကြီးပါတယ်) ခင်ဗျားတို့ ကိုယ်တိုင် ဒီအတိုင်း ရှာနေငြားသော်လည်း ဒီက အပါယ်လေးပါး သွားပါလားလို့ ဒကာသစ် မတွေးမိဘူး ... (မတွေးမိပါဘုရား) မတွေးမိတဲ့အပြင် ခင်ဗျားတို့က ဖုံးများ ဖုံးလိုက်သေးတယ်...(မှန်ပါ့)။

## ပိုတာ လျှံတာ

ဒီလို ကိုယ့်အတွက် ရှာတာကလေးဟာ နည်းနည်းပို၊ သားသမီးတွေအတွက်ကလည်းလုံလောက် နည်းနည်းပိုလို့... အရှင်ဘုရားတို့ ဆွမ်းတို့ ကွမ်းတို့ လောင်းနိုင်တာပေါ့၊ အံမာ... ဖုံးများ ဖုံးလိုက်သေးတယ်...(မှန်ပါ့) ဆွမ်းကလေး၊ ကွမ်းကလေး နဲ့ လာဖုံးလိုက်သေးတယ်...(မှန်ပါ့)။

မဖုံးနဲ့ ...မဖုံးနဲ့၊ ခင်ဗျား ဆွမ်းမတတ်နိုင်ဘူး ...(မှန်ပါ့) ကွမ်းကော...(မတတ်နိုင်ပါဘုရား) မတတ်နိုင်ဘူး ဒကာ ဒကာမတို့ ဒါ ကိုယ့်လမ်းသာ ကိုယ်သွား၊ ရှုပ်မနေနဲ့...(မှန်ပါ့) သဘောပါပလား ...(ပါ ပါပြီဘုရား)။

ကိုင်း ...ဒါတွေက ဘယ့်နှယ်ကြောင့် မဖုံးနဲ့လို့ ဆရာဘုန်းကြီးက ဆိုရသတုံးလို့ ဒကာ ဒကာမတွေ မေးလို့ရှိရင်ဖြင့် ပိုတာလျှံတာကိုး ဒကာသစ်ရ...(မှန်ပါ့)။

http://www.thitsarparamisociety.com/


ငါ့ဝတ်ပြည့်ပြီးမှ ဘာတုံး ...(လှူတာပါဘုရား) သားသမီးဝတ် ပြည့်ပြီးမှ ...(ပိုတာ လှူတာပါဘုရား)။

## အပိုအတွက်ပဲရမယ်

ဒါဖြင့် အပိုတွက်ပဲရမယ်...(မှန်ပါ့ဘုရား) ဒကာ ဒကာမတို့ အပြည့်အစုံကတော့ အပါယ်ပဲရမယ်...(မှန်ပါ့)။

အပြည့်အစုံကတော့...(အပါယ်ပဲ ရပါမယ်ဘုရား) အပိုအတွက်ကလေးပဲ သုဂတိရောက်မယ်...(မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီ) တယ်လည်း ကြောက်စရာကောင်းပါလား ...(ကြောက်စရာကောင်းပါတယ်ဘုရား)။

သေသေချာချာ ဉာဏ်နားနဲ့ စဉ်းစားကြည့်တော့မှ ဩော်...တစ်နေ့မှာ ငါ ဒီအကြိမ်ပေါင်း ဘယ်နှကြိမ်ပါလိမ့်မလဲလို့ ...ဒကာသစ်တို့ ဦးမာဒင်တို့စဉ်းစား ...(မရေတွက်နိုင်ပါ) မရေတွက်နိုင်ဘူး ...(မှန်ပါ့) ရေတွက်နိုင်ပါ့မလား ...(မရေတွက်နိုင်ပါဘုရား)။

## ဒိဋ္ဌိနှင့်တဏှာ

ဒီနေ့တော့ဖြင့် ကိုယ့်အတွက်ကျေပြီ...(မှန်ပါ့) အင်း ...ဒီနေ့ ကိုယ့်အတွက်ကျေသတဲ့...(မှန်ပါ့) ဒကာ ဒကာမတို့ ကိုယ့်အတွက် ကျေပြီဆိုကတည်းက ဒိဋ္ဌိလာပြီ...(လာပါပြီဘုရား)။

http://www.thitsarparamisociety.com/


အင်း ...ကိုယ့်အတွက်တွင် မကဘူး၊ ဒီနေ့တော့ဖြင့် သား တွေ သမီးတွေအတွက်ပါလည်း လုံလောက်တယ်...(မှန်ပါ့) အင်း ...တဏှာနဲ့ သွားလိုက်တယ်....(မှန်ပါ့)။

## ဒီနှစ်ခု ပုတီးစိပ်ဖူးရဲ့လား

ဦးမာဒင် ဒီနှစ်ခု ပုတီးစိပ်ဖူးရဲ့လား ...(စိပ်ဖူးပါတယ် ဘုရား) ဒကာကြွယ်ကော...(စိပ်ဖူးပါတယ်) ဘာစိပ်တာတုံး ... ခင်ဗျားဥစ္စာ...ရောက်မှ ရောက်ပါ့မလားလို့စိပ်တာလား ...ရောက် ပြီးသား သေချာတာ စိပ်တာလား ...(ရောက်ပြီးသား သေချာတာ စိပ်တာပါဘုရား) ရောက်ပြီးသား သေချာတာ စိပ်တဲ့ အခိပ္ပာယ်ပဲ ...(မှန်ပါ့)။

ဒကာ ဒကာမတွေ ဒါ, အရိယာဓမ္မဘုန်းကြီးက သွင်း မပေးလို့ရှိရင် ဒကာသစ် ဒါ...ဘုန်းကြီးစကားတတ်လို့ပြောတာ လား ...ဖြစ်စဉ်ကိုက် ပြောတာလား အကဲခတ်...(ဖြစ်စဉ်လိုက် ပြောတာပါဘုရား)။

ဒကာကြွယ် ဒီသာကြည့်၊ ပဋိစ္စသမုပ္ပါဒ်ကြည့်၊ ဦးမာဒင် ဒါသာကြည့် ...(မှန်ပါ့)။

ဘုန်းကြီး ဒီစကားတတ်လို့ ...အမျိုးမျိုး အဖုံဖုံ အဟော အပြောလည်လို့ ဒီလိုမယူပါနဲ့ ...(မှန်ပါ့)။

http://www.thitsarparamisociety.com/

သူ့ ပဋိစ္စသမုပ္ပါဒ်ကို လွတ်ပြီးသကာလ ဘုန်းကြီးက ဟောတာမဟုတ်ပါဘူး ...(မှန်ပါ့ဘုရား) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

## ကိုယ့်ဖို့ဆိုကတည်းက ဒိဋ္ဌိ

ဒီ ပဋိစ္စသမုပ္ပာဒ်က ဒကာ ဒကာမတို့ ကိုယ့်ဖို့ ...(မှန်ပါ့) ကိုယ့်ဖို့ဆိုကတည်းကိုက ဒီကိုယ်ဆိုတဲ့ ဥစ္စာကလေးဟာ ကိုယ်ထင်တာကလေးဟာ ဒိဋ္ဌိလား ...(ဒိဋ္ဌိပါ) သေချာပလား ...(သေချာပါပြီဘုရား)။

ကိုယ့်ဖို့ဆိုကတည်းက ခန္ဓာကိုယ်ကို ခန္ဓာငါးပါး အနိစ္စတရားလို့ ယူသေးရဲ့လား ...(မယူပါဘုရား)။

တကယ်ကိုယ်လို့ မယူလိုက်ဘူးလား ...(ယူလိုက်ပါတယ်) ယူလိုက်ကတည်းက သူ့ကို ဘာဆိုကြမယ်...(ဒိဋ္ဌိပါဘုရား)။

အဲ...ဒိဋ္ဌိလာတဲ့အခါကျတော့ ဦးမာဒင် ဒိဋ္ဌုပါဒါန် ရပ်ပါ့မလား ...(မရပ်ပါဘုရား) ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံကော...(မရပ်ပါဘုရား)။

ခင်ဗျားတို့ကလည်း ရပ်အောင် ဘာတစ်ခုမှ ဒီကြားထဲ မဂ်သွင်းတာမဟုတ်ဘူး ...(မသွင်းပါဘုရား) သွင်းသေးရဲ့လား ...(မသွင်းပါဘုရား)။

မသွင်းတော့ သူက ရပ်ပ့ါမလား ...(မရပ်ပါဘုရား) မရပ်တော့ ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ...(မှန်ပါ့) ကမ္မဘဝပစ္စယာ...(အပါယ်ဇာတိပါဘုရား)။

**အပါယ်ဇာတိ**

အပါယ်ဇာတိဆိုတာက ငြင်းလို့ကို မရဘူး ...(မရပါဘုရား) ရှင်းကြပလား ...(ရှင်းပါပြီဘုရား)။

ဩော်...ကြောက်စရာကြီးပါလား ...ဒကာ ဒကာမတို့ ... (မှန်ပါ့ဘုရား)။

ဒါကြောင့် ...အားလုံး ဒကာ ဒကာမတွေ ဆွမ်းကလေး, ကွမ်းကလေးလောက်နဲ့ မဖုံးလိုက်ပါနဲ့ ...(မှန်ပါ့) ကျောင်းကလေးကန်ကလေး ဆောက်ပြီးတာနဲ့ကော...(မဖုံးလိုက်ပါနဲ့ဘုရား) မဖုံးနဲ့တဲ့၊ ဒီအကြိမ်နဲ့ ကျောင်းဆောက်တဲ့အကြိမ်နဲ့ ကဲ...ချိန်ကြပါတော့...(မှန်ပါ့) ဘယ်သူက အကြိမ်အရေအတွက် များသတုံး ...(ဒိဋ္ဌိက အကြိမ်အရေအတွက် များပါတယ်ဘုရား)။

ဒါက နေ့တိုင်းမဟုတ်လား ...(မှန်ပါ့) ကျောင်းဆောက်နေရင်းကော ဒါက လုပ်လျက်ပဲ...(လုပ်လျက်ပါဘုရား) ဘုရားတည်နေရင်းကော...(လုပ်လျက်ပါဘုရား) လွန်လှချည်လား ဒကာ ဒကာမတို့ ...(မှန်ပါ့–လွန်ပါတယ်ဘုရား)။

http://www.thitsarparamisociety.com/

## အိမ်မှာလည်း ဒိဋ္ဌိမပြတ်ဘူး

ကျောင်း ...ကျောင်းဆောက်တာက တခြား၊ စီးပွားရေး ...(စီးပွားရေး တခြားဘုရား့...(မှန်ပါ့) တပည့်တော် အလုပ်မပျက်ပါဘုရား၊ ကျောင်းလာကြည့်ငြားသော်လည်း အိမ်က ဝင်ငွေရှိလျက်ပါပဲ...(မှန်ပါ့) ဒီလိုများ စည့်ခံကြသေးသလား ...(ခံပါတယ်ဘုရား) အင်း ...ဒါဟာ အိမ်မှာလည်း ဒိဋ္ဌိမပြတ်ပါဘူး ...(မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီ)။

အိမ်မှာလည်း ဒိဋ္ဌိမပြတ်ပါဘူး ...တဲ့၊ တကျောလည်း မပြတ်ပါဘူးတဲ့...(မှန်ပါ့ဘုရား) အဲဒီတော့ ဒီလာလုပ်တဲ့ဥစ္စာဟာလည်း သက်သက်ကုသိုလ် အညွှန့်ပေါက်တာပါပဲ...(မှန်ပါ့)။

အိမ်မှာ အမည်းကွက်ကြီးတွေက ဒုတက်နေတာ ဘယ်သူမှမပြောဘူး ...(မပြောပါဘုရား) ဒါကလေး အညွှန့်တက်တယ်သာ ပြောနေတော့ ဒကာ ဒကာမတို့ သိပ်ဆိုးဝါးနေတယ်...(ဆိုးဝါးပါတယ်ဘုရား) ဒကာသစ် ရိပ်မိပလား ...(ရိပ်မိပါပြီ) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

http://www.thitsarparamisociety.com/

## အရိယာဓမ္မ သွင်းပေးလိုက်ပါ

ဒါဟာ...အဲဒီကြားကိုကွာ...တဲ့၊ မင်းတို့ တတ်နိုင်လို့ရှိရင် ဖြင့် အရိယာဓမ္မ သွင်းပေးလိုက်ပါ...(မှန်ပါ့)။

ကဲ...ဒကာ ဒကာမတို့ ဒီကြားမှာ ဘာသွင်းပေးရမလဲ... (အရိယာဓမ္မ သွင်းပေးရပါမယ်ဘုရား) သွင်းမပေးလို့ရှိရင် မင်းတို့ ဒကာ ဒကာမတွေ အကုန်အပါယ်သွားမယ်...(မှန်ပါ့) ရှင်းပြီလား ...(ရှင်းပါပြီဘုရား)။

အရိယာဓမ္မကမှ ဒကာ ဒကာမတို့ ဒီ, ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်နိုင်မှာ...(မှန်ပါ့ဘုရား) အရိယာဓမ္မ မဟုတ်လို့ရှိရင်... (မဖြတ်နိုင်ပါဘုရား)။

ကဲ...ဒါဖြင့် ဦးသန်းမောင်တို့ အရေးကြီးတယ်...(အရေးကြီးပါတယ်ဘုရား) ဦးဘထွေး ဘယ့်နှယ်တုံး ...(အရေးကြီးပါတယ်ဘုရား) ကယ်မည့်သူ ဘယ်သူတဲ့ဗျာ...(အရိယာဓမ္မပါဘုရား) ဒကာကြွယ် ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

## အရိယာဓမ္မပဲ အားကိုးပါ

အားလုံး ဒကာ ဒကာမတွေ နားကြီးကြီးနဲ့ ထောင်စမ်းပါ၊ ဘာမှ ဖြတ်နိုင်သတုံး ...(အရိယာဓမ္မမှ ဖြတ်နိုင်ပါတယ်ဘုရား) အရိယာဓမ္မပဲ မင်းတို့ အားကိုးရာ ရှိတော့တယ်...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

အရိယာမဂ္ဂပဲ ဒကာ ဒကာမတို့ အားကိုးရာ ရှိတော့တယ် ဆိုတော့ အရိယာမဂ္ဂဆိုတာ ဒိဋ္ဌိလည်း ဖြုတ်တယ်...(မှန်ပါ) တဏှာလည်းဖြုတ်တယ်...(မှန်ပါ) ကံကော...(ဖြုတ်ပါတယ် ဘုရား)။

ကိုင်း ...ဦးမာဒင် ရိပ်မိပလား ...(ရိပ်မိပါပြီ) တော်သေး တယ်ဘုရား ...(မှန်ပါ) တော်သေးတယ်ဘုရာ့...တပည့်တော်တို့ ဒီအကြိမ်ပေါင်းဖြင့် မရေတွက်နိုင်ဘူး ...(မှန်လှပါ) လူလား မြောက်တဲ့ အချိန်ကစပြီး ဒီ ပဋိစ္စသမုပ္ပာဒ်ချည်း လုပ်တာပဲ... (မှန်ပါဘုရား)။

ဒကာသစ် လူလားမြောက်တဲ့ အချိန်ကစပြီး ... (ဒီ ပဋိစ္စ သမုပ္ပာဒ်ချည်း လုပ်ပါတယ်ဘုရား) တဏှာ ပဋိစ္စသမုပ္ပဒ်... (လုပ်ပါတယ်ဘုရား) ဒိဋ္ဌိပဋိစ္စသမုပ္ပာဒ်...(လုပ်ပါတယ်ဘုရား)။

ဒါ...လူလားမြောက်တဲ့ အချိန်ကစပြီး ဒကာ ဒကာမတို့ အပါယ်ချည်း ဒိုင်းဒိုင်းပြေးတာပဲ...(မှန်ပါ–ပြေးပါတယ်ဘုရား)။

ဘယ် ဒိုင်းဒိုင်းပြေးကြသလဲ...(အပါယ် ဒိုင်းဒိုင်းပြေးပါ တယ်ဘုရား)။

http://www.thitsarparamisociety.com/


## မင်္ဂဉာဏ်ရဖို့ အချိန်ရှိသေးတယ်

ဒါကြောင့်...ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အရင်းအနှီးတွေမို့ သြော်...ဒီလာပြီး တရားဓမ္မကြိုးစားကြ၊ နည်းယူကြဆိုတာ ဘုန်းကြီးက ဝမ်းသာပါတယ်...(မှန်ပါ့) ဘယ့်နှယ်ကြောင့် ဝမ်းသာသတုံးဆိုရင် သူတို့ အချိန်မီသေးတယ်...(မှန်ပါ့ဘုရား) အပါယ်လေးပါး တံခါးပိတ်ဖို့ အချိန်မီသေးတယ်...(မှန်လှပါ) မင်္ဂဉာဏ်ရဖို့ အချိန်ရှိသေးတယ်...(မှန်လှပါ) မိဘရိုးရာနဲ့ သွားရင် သွားရှော့ပော့...(မှန်လှပါ) ဆိုတော့ ဒကာကြွယ် ဒါ့ဝမ်းမြောက်စရာပဲ...(မှန်လှပါ)။

## ကြိုးစားချိန် မီသေးတယ်

ကဲ...ဦးမာဒင်တို့ ဘာတုံးဗျာ...(ဝမ်းမြောက်စရာပါဘုရား) အရိယာဓမ္မ ကြိုးစား ...(မှန်ပါ့ဘုရား) ကြိုးစားချိန်မီသေးတယ်မဟုတ်လား ...(မှန်ပါ့) ကဲ...ဦးဘထွေးတို့ကော... (မီပါသေးတယ်ဘုရား) မီသေးတယ်၊ တော်သေးတယ်နော်...၊ ခင်ဗျားတို့မှာ ဆေးချက်ရှိသေးတယ်...(မှန်ပါ့)။

ကိုင်း ...ခင်ဗျားတို့ ရှေးကပုဂ္ဂိုလ်တွေ၊ ရှေးက ဒီလို အရိယာဓမ္မ ဝါသနာမပါတဲ့ ပုဂ္ဂိုလ်တွေ၊ ဟောမည့်ပြောမည့် ပုဂ္ဂိုလ်တွေနဲ့ မကြုံတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒကာကြွယ်တို့၊ ဦးမာဒင်တို့က ဆုံးဖြတ်ချက်ချကြည့်...၊ အရိယာဓမ္မနဲ့ ဖြတ်ရရဲ့

http://www.thitsarparamisociety.com/


လားမေးရင် ဘယ့်နှယ်ပြောကြမလဲ...(မဖြတ်လိုက်ရပါဘုရား) ဒါနဲ့ပဲသွားတယ်...(မှန်လှပါ) မသွားရပေးဘူးလား ...(သွားရပါ ဘယ်ဘုရား) ကြောက်စရာကြီးပါလား ...(ကြောက်စရာကြီးပါ ဘုရား) ဦးလှဘူး ပေါ်ပြီဗျ...(ပေါ်ပါပြီဘုရား)။

ကိုင်း ...ဒကာ ဒကာမတို့ ဘုရားတစ်ဆူ တစ်ဆူမှ အရိယာမဂ္ဂ တစ်ခါပေါ်လာတယ်ဆိုတာကော သေချာပလား ...(သေချာပါပြီဘုရား)။

ကိုင်း ...ဒါဖြင့် ဒကာ ဒကာမတို့ အရိယာမဂ္ဂနဲ့ ဖြတ်ပြ ့ယ်နော်...(မှန်ပါ့) ဖြတ်မပြခင် သူဟောတဲ့ အရိယာမဂ္ဂမရှိလို့ ၁င်းတို့ အရိယာမဂ္ဂ အားမကိုးလို့ဖြစ်တဲ့ အရုပ်ဆိုးမှုကလေး ာုရားက ရှေးဦးစွာ ဟောပါဦး ...တဲ့...(မှန်ပါ့) သဘောကျပလား ..(ကျပါပြီ)။

## သာဝတ္ထိပြည်မှာ သီတင်းသုံးနေတယ်

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ မြတ်စွာဘုရားသခင်ကိုယ် ;တာ်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်း သုံးနေတယ်...(မှန်လှပါ)။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ;ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့အခါ ကျလို့ရှိရင် ျဟန်းတွေ အကုန်စုလာတယ်...၊ လူတွေလည်း လာကြတယ်...၊

http://www.thitsarparamisociety.com/


ဘယ်သူတောင်းပန်လို့မှ မဟောဘူး၊ ငါဘုရားဖြစ်တဲ့အခါမှာ တစ်ကြိမ်ပြောရမည့် ဝတ္တရား၊ မင်းတို့ကို ပြောပြမယ်ဆိုပြီး အားလုံးသော ပုဂ္ဂိုလ်တို့ကို တရားဟောလိုက်တယ်...(မှန်ပါ့)။

ငါကကွာ...တဲ့၊ ဘုရားဖြစ်တဲ့နေ့ကစပြီးသကာလ...တဲ့၊ အိမ်နှစ်အိမ်ကြားမှာ အိမ်နှစ်အိမ်ကလည်း မျက်နှာချင်းဆိုင်ပြီး တံခါးပေါက်ကလေးတွေနဲ့ ဟိုအိမ်ကလည်း တံခါးနဲ့၊ ဒီအိမ်က လည်း တံခါးနဲ့၊ ငါ, အလယ်ကနေ ထိုင်ကြည့်နေတယ်...(မှန်ပါ့) ဟိုအိမ်ကလူ ဆင်းသွားတာလည်း မြင်တာပဲကွ၊ ဒီအိမ်ကလူ တက်သွားတာလည်း ...(မြင်ပါတယ်ဘုရား) ဘာ့ကြောင့်တုံးဆို တော့ ငါက ဆင်းတာ, တက်တာ မြင်တဲ့နေရာက နေတာကိုး ကွတဲ့...(မှန်လှပါ)။

## ဒိဗ္ဗစက္ခု အဘိညာဏ်နဲ့မြင်တယ်

ထို့အတူပဲ...တဲ့၊ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တဲ့ နေ့ကစပြီး ဒိဗ္ဗစက္ခုအဘိညာဏ်နဲ့ ငါကြည့်လိုက် တယ်...(မှန်ပါ့ဘုရား) နတ်ပြည်တက်သွားတဲ့ ပုဂ္ဂိုလ်လည်း ငါ မြင်တာပဲ...ကွ...(မှန်ပါ့) အပါယ်ဆင်းသွားတဲ့ ပုဂ္ဂိုလ်ကော... (မြင်ပါတယ်ဘုရား)။

မြင်တာပဲ...တဲ့၊ ဒါ သူများပြောနဲ့ ငါမဟောဘူး ...၊ ငါ့အမြင်နဲ့ ငါဟောမဟော့...တဲ့...(မှန်လှပါဘုရား)။

http://www.thitsarparamisociety.com/


ဒကာ ဒကာမတို့ ဘာတဲ့တုံး ...(ဘုရားအမြင်နဲ့ဟောတာပါ)။

## တက်တာလည်း မြင်၊ ဆင်းတာလည်း မြင်

အခုဟောမည့် တရား၊ ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါဘုရားဖြစ်တဲ့နေ့ကစပြီး အိမ်နှစ်အိမ်ကြားမှာ ထိုင်နေတဲ့ ပုဂ္ဂိုလ်နဲ့ ငါတူပါတယ်...(မှန်ပါ့ဘုရား). တစ်အိမ်က လူက သူ့အိမ်သူ တက်သွားတာလည်း ငါမြင်လိုက်တာပဲ...တဲ့...(မှန်လှပါ) တစ်အိမ်က လူက အောက်ဆင်းသွားတာလည်း ငါမြင်လိုက်တာပဲ...(မှန်ပါ့)။

## အပါယ်သွားတဲ့ ပုဂ္ဂိုလ်

ထို့အတူပဲ...တဲ့၊ ငါသည် ကြည့်နေတယ်...တဲ့ ဒိဗ္ဗစက္ခုအဘိညာဏ်နဲ့...၊ လူ့ပြည်ကနေ အပါယ်ဆင်းသွားတာလည်း ငါမြင်လိုက်တယ်...(မှန်လှပါဘုရား) လူ့ပြည်ကနေ နတ်ရွာသုဂတိ၊ နိဗ္ဗာန်တက်သွားတာလည်း ...(မြင်လိုက်ပါတယ်ဘုရား)။

ငါသည် အဲဒီလို မြင်လို့ သူများပြောသံကြားနဲ့ ယခုဟောတဲ့တရားကို ဟောသည်မဟုတ်ဘူး ...(မှန်ပါ့) ကိုယ်တိုင်အိမ်နှစ်ခုကြားမှာ ထိုင်ပြီး၊ ကြည့်ပြီး အမြင်နဲ့ပြောတဲ့ တရားလို့မှတ်ပြီး မင်းတို့နာစမ်းပါတဲ့ ...(မှန်ပါ့) ရှင်းပြီလား ...(ရှင်းပါပြီဘုရား)။

http://www.thitsarparamisociety.com/


## ကိုယ်တော်တိုင် မြင်တဲ့တရား

တရားဆက်ပြီး နှလုံးသွင်းကြပါ ဒကာ ဒကာမတို့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဆင်းတာလည်း မြင်၊ ကက်တာလည်း မြင်တဲ့တရား ...ငါကိုယ်တိုင် မြင်တဲ့တရား ...ငါကိုယ်တိုင် မင်းတို့ဟောတယ်...(မှန်ပါ့) ဆိုပြီးသကာလ ဟောလိုက်ပါတယ်တဲ့၊ ဘယ်လိုဟောသတုံးဆိုတော့ ငါသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အပါယ်သွားတဲ့ ပုဂ္ဂိုလ်မြင်တယ်ကွ...(မှန်ပါ့)။

## သုဂတိ၊ နိဗ္ဗာန် သွားတဲ့ ပုဂ္ဂိုလ်

နတ်ရွာသုဂတိ နိဗ္ဗာန်သွားတဲ့ ပုဂ္ဂိုလ်လည်း ငါကိုယ်တိုင်မြင်တယ်၊ ဒိဗ္ဗစက္ခု အဘိညာဏ်နဲ့ သေသေချာချာ မြင်ပါတယ်...(မှန်ပါ့)။

လူ့ပြည်မှာကွာ...တဲ့၊ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ စားသောက်ပြီးသကာလ ရောင်းရေးဝယ်ရေးနဲ့ အချိန်ကုန်ပြီးသကာလ နေကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ဒုစရိုက်တွေနဲ့ အသက်မွေးပြီး မုသားတွေပြောလိုက်၊ အမျိုးမျိုး အဖုံဖုံ ခန္ဓာဉာဏ်မလှည့်ဘဲနဲ့ လုပ်ကိုင်စားသောက်နေကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်..(မှန်ပါ့) အဲဒီပုဂ္ဂိုလ်တွေ အပါယ်သွားတာလည်း ငါမြင်တယ်ကွတဲ့... (မှန်ပါ့) သုစရိုက်တွေ လုပ်ပြီးသကာလ သူတော်ကောင်းအလုပ်လုပ်ပြီး သွားကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဝိပဿနာ အလုပ်လုပ်ပြီး နိဗ္ဗာန်

http://www.thitsarparamisociety.com/


သွားကြတဲ့ ပုဂ္ဂိုလ်တွေလည်း ငါမြင်တယ်ကွ...တဲ့...(မှန်ပါ့)။

## အပါယ်သွားတဲ့ ပုဂ္ဂိုလ်က များတယ်

သို့သော်...အပါယ်သွားတဲ့ ပုဂ္ဂိုလ်က များတဲ့အတွက် များတဲ့ ပုဂ္ဂိုလ်အကြောင်း ငါ...ရှေးဦးစွာ ပြောမယ်ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ပဲဟောတယ်...(မှန်ပါ့)။

## ယမမင်းဆီ ရောက်တယ်

ဒီ ဒုစရိုက်တွေနဲ့ သားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ ...အချိန်ကုန်ပြီးသကာလ သွားတဲ့ ပုဂ္ဂိုလ်မှာပါတဲ့ အပါယ်လေးပါး ယမမင်းဆီ ရောက်တယ်ကွတဲ့...(မှန်ပါ့)။

ယမမင်းဆီ ရောက်တဲ့အခါကျတော့ ယမမင်းက ဒီ ပုဂ္ဂိုလ်တွေကို ငရဲထိန်းတွေက ဖမ်းပြီး ယမမင်းဆီပြကြတယ်... (မှန်လှပါဘုရား)။

တစ်ခါတည်း ဒီကနေ ဒကာ ဒကာမတို့ လူ့ပြည်က စုတေသည်နဲ့ တစ်ပြိုင်နက်တည်း အပါယ်မှာ ဘွားခနဲ အပါယ်ကောင်ကြီးသွားဖြစ်တယ်...(မှန်ပါ့)။

http://www.thitsarparamisociety.com/


## ငရဲထိန်းတွေ

ဖြစ်သည်နဲ့ တစ်ပြိုင်နက်တည်း ငရဲထိန်းတွေက ဖြစ်ရာဌာနက နေပြီး လက်မောင်းတွေ ဟိုဘက် ဒီဘက် ဆွဲကြပြီး ယမမင်းဆီ ပြကြတယ်ကွာတဲ့...(မှန်ပါ့)။

ယမမင်းကို ပြောလိုက်တယ်တဲ့၊ ယမမင်းကြီး ဟောဒီလူဖြင့် ဖမ်းရပါပြီ၊ လူ့ပြည်က ဒုစရိုက် ဒုရာဇီဝတွေ အသက်မွေးလာတဲ့ ပုဂ္ဂိုလ်ပါ၊ သားရေး, သမီးရေးနဲ့ အချိန်ကုန်ခဲ့ရတဲ့ ပုဂ္ဂိုလ်ပါ၊ ဒါကြောင့် ဒီအပါယ်ရောက်လာတဲ့အတွက် ယမမင်းကြီး စစ်တော်မူပါဆိုပြီး ယမမင်းကြီး အပ်လိုက်တယ်..(မှန်ပါ့ဘုရား)။

## ကလေးလေးတွေ မြင်ဖူးရဲ့လား

အဲဒီတော့ ယမမင်းကြီးက ထုံးစံအတိုင်း စစ်တယ်၊ အမောင်လူသား လူ့ပြည်မှာ ကလေးသူငယ်-လူမမယ်ကလေးတွေ ကိုယ့်ကျင်ကြီး, ကိုယ့်ကျင်ငယ်မှ မသိမ်းနိုင်ဘဲနဲ့ ခြေထောက်ကလေး ကလန်ကလန်နဲ့ လက်ကလေးတွေကလည်း ဟိုလှုပ်ဒီလှုပ်နဲ့ ကျင်ကြီးကျင်ငယ်စွန့်တာမှ သူ့ဟာသူ မသိတဲ့ ကလေးကလေးကို မင်းမြင်ဖူးရဲ့လားတဲ့...(မှန်ပါ့ဘုရား)။

ယမမင်းက ခုနင်က ဖမ်းလာတဲ့ သားရေး, သမီးရေး, စီးပွားရေးနဲ့ အချိန်ကုန်လာတဲ့လူကို စစ်လိုက်တယ်...(မှန်ပါ့ဘုရား) မတရားသဖြင့် အသက်မွေးလာတဲ့လူပေါ့ဗျာ...(မှန်ပါ့)။

http://www.thitsarparamisociety.com/


ကျွန်တော်မြင်ဖူးပါတယ်လို့ ခုနင်က ငရဲရောက်တဲ့ ပုဂ္ဂိုလ်က ထွက်လိုက်တယ်...(မှန်ပါ့)။

ဩော်..ဒီဒုက္ခတွေ လွတ်ရေး၊ ကျွတ်ရေးဆိုတဲ့ ဒုက္ခသစ္စာတွေ လွတ်ရေး ကျွတ်ရေး မြင်ပြီးသကာလ၊ ဒီဒုက္ခမှ လွတ်ရာ ကျွတ်ရာ ရှာမယ်လို့များ မောင့်စိတ်ထဲ မပေါ်ဘူးလားတဲ့... (မှန်ပါ့) မေးလိုက်တယ်...(မှန်ပါ့) ကျွန်တော် မပေါ်ပါဘူးခင်ဗျားတဲ့...(မှန်ပါ့ဘုရား)။

**ပထမ စစ်ချက်**

ဩော်...ရှေးဦးစွာ မင်းမှာ သေမင်းတမန်ဆိုတဲ့ဥစ္စာ သေသေချာချာ ဒီကလေးသူငယ် လူငယ်က ကျွန်တော့်မှာ ဒုက္ခတပါ ဘာမှအသုံးမကျပါဘူး၊ သူပေး လူပေးနဲ့ စားရပါတယ်၊ သုံ့ထု ငါထူမှ ကြွနိုင်ပါတယ်၊ ကျွန်တော်ဟာ ဒုက္ခသစ္စာကလေးပါလို့ ကလေးက ပြောလျက်သားနဲ့မင့် ဉာဏ်ထဲမှာ ဒီကလေးချမ်းသာနေတယ်၊ ဒုက္ခသစ္စာလို့ မမြင်၊ ဒုက္ခသစ္စာ၏ ကျွတ်ရာလုပ်ငန်း ငါရှာမှပဲဆိုတဲ့ စိတ်ကလည်း မပေါ်တော့ အမောင်တယ်မေ့ပါကလား ...(မှန်ပါ့) ကောက်ချက်ရေးလိုက်တယ်...(မှန်လှပါဘုရား)။

## အမှောင် တယ်မှေ့ပါလား

အမှောင် တယ်မှေ့ပါကလားတဲ့၊ ကလေးက ဒုက္ခသစ္စာ ဟောနေတဲ့ဥစ္စာ မင်းက ဒုက္ခသစ္စာလို့ မထင်လာ၊ မထင်လာတဲ့ အတွက် မင်း မေ့ချက် တယ်ပြင်းထန်ပါကလား ...(မှန်ပါ့)။

ဒကာ ဒကာမတွေ ယမမင်းက ကောက်ချက်ထုတ်ပြီး စာအုပ်ပေါ် ရေးလိုက်တယ်...(မှန်ပါ့)။

တယ်မေ့လျော့တဲ့ ပုဂ္ဂိုလ်ပါကလားဆိုပြီးသကာလ ဦးလှဘူးရေ...ကောက်ချက်ရေးလိုက်တယ်...(မှန်ပါ့)။

ကလေးပြပြီး စစ်တယ်နော်...(မှန်ပါ့) ဒကာ ဒကာမတို့ ပြန်စစ်ရဦးမယ်၊ ခင်ဗျားတို့အတွက်...(မှန်ပါ့)။

ကလေးကလေးတွေ မြင်ဖူးကြရဲ့လား ...(မြင်ဖူးပါတယ် ဘုရား) ခြေကလန် လက်ကလန်နဲ့လေ...(မှန်ပါ့) ကျင်ကြီး, ကျင်ငယ် အလိမ်းလိမ်းနဲ့ကော...(မြင်ဖူးပါတယ်ဘုရား)။

ဒီကလေးကလေးတွေဟာ ဒကာ ဒကာမတို့ သူပေး, လူပေးနဲ့ ကြီးလာခဲ့ရတယ်...(ကြီးလာခဲ့ရပါတယ်ဘုရား)။

ထမင်းကလေးတွေယည်း သူပေးမှ လူပေးမှ၊ ကိုယ့်ဟာ ကိုယ်ယူစားနိုင်တဲ့ စွမ်းရည်သတ္တိလည်း မရှိပါဘူး ...(မရှိပါ ဘုရား) နို့ကလေး ဘာကလေးဆာလည်း ငိုတတ်တာမှတစ်ပါး

http://www.thitsarparamisociety.com/

ဒိပြင် ဘာရှိသေးသတုံး ...(မရှိပါဘုရား)။

သူများပေးလာရင် သောက်ဖို့ပဲ...(မှန်ပါ့) ကျင်ကြီး, ကျင်ငယ်တွေလည်း ကိုယ့်ဟာနဲ့ကိုယ် လူးလိမ်းနေတာပဲ...(မှန်ပါ့)။

## သူများပြုမှုစုမှ ပြီးရတယ်

ကိုယ့်ဟာကိုယ် ရေတွေ, ဘာတွေရှိရာသွားပြီး ဆေးနိုင်ရဲ့လား ...(မဆေးနိုင်ပါဘုရား) သူများပြုစုမှပဲ သူ့မှာ ပြီးရတယ်... (မှန်ပါ့ဘုရား) ဘာသစ္စာတုံး ...(ဒုက္ခသစ္စာပါဘုရား)။

အဲဒါကလေး မြင်တော့ ဒီ ဒကာ ဒကာမတွေကလည်း ဪ...ဒုက္ခသစ္စာကလေးပါကလားလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မြင်တဲ့ကလေးကို မြင်သဖြင့် ဒီဒုက္ခသစ္စာမှ လွတ်ရာ ရှာပါတော့မယ်ဆိုတဲ့ စိတ်ကော ပေါ်ရဲ့လား ...(မပေါ်ပါဘုရား)။

ဒါဖြင့် ကောက်ချက်ရေးရုံပဲရှိမယ်...(မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ကဲ...အမောင် တယ်မေ့ပါကလားလို့...တစ်ပွဲလုံးရေးပြီ...(မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ အမောင်တို့ အမတို့သည် ဘယ့်နှယ်ဘုံး ...(မေ့ပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


တယ်မေ့ပါလားဆိုတာ ဘာမေ့တာတုံး ဒကာသစ်... သစ္စာမေ့တာ...(မှန်ပါ့ သစ္စာမေ့တာပါဘုရား) ကြောက်စရာ ကောင်းလိုက်တာ...(မှန်ပါ့)။

ဒကာ ဒကာမတို့ သစ္စာဟောနေတာ ဘာမေ့ပါလိမ့်... (သစ္စာမေ့ပါတယ်ဘုရား)။

ဒကာကြွယ်ကော မေ့ဖူးရဲ့လား ...(မေ့ဖူးပါတယ် ဘုရား)။

## ဒုက္ခသစ္စာလို့ မထင်ခဲ့

ဒီကလေးကလေးမြင် ခင်ဗျားတို့က ပွေ့ကာ ချီကာနဲ့ ဒုက္ခသစ္စာ မထင်တဲ့အပြင် အညွန့်ကလေး ပေါက်လာတယ် တောင် ထင်သေးတယ်...(မှန်ပါ့) ဖြစ်မှဖြစ်ရပလေ...၊ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်များ ထင်ကြသတုံး ...(အညွန့်ပေါက်တယ် ထင်ပါတယ်ဘုရား)။

အင်း ...ဒါကလေး သွားပြီးသကာလ၊ တို့အမျိုးထဲ ဒါ... အညွန့်ကလေး ပေါက်လာတာပဲ၊ ကောင်းကောင်းမွေးကြပါဟာ၊ ရှာမှရှား ကလေးဖြစ်လာတယ်...(မှန်ပါ့)။

ဖြစ်မှဖြစ်ရပလေ...၊ ခင်ဗျားတို့က ဒုက္ခသစ္စာဟောတာ အညွန့်ပေါက်လာတယ်လို့ ယူနေတော့...(မှန်ပါ့) သဘောပါကြ

 http://www.thitsarparamisociety.com/

ပလား ...(ပါ–ပါတယ်ဘုရား)။

ဒါဖြင့် အမောင် မေ့လျော့တယ်တဲ့...၊ အဲဒီတော့ အမော မေ့တဲ့ အပြစ်ဆိုတော့၊ မေ့တာက အဝိဇ္ဇာ...(မှန်ပါ့) အဝိဇ္ဇာပစ္စယ ...(သင်္ခါရပါဘုရား)။

## အဝိဇ္ဇာကြောင့် အပါယ်ရောက်

သင်္ခါရပစ္စယာ...(ဝိညာဏံပါဘုရား) ဝိညာဏံဆိုဝ အပါယ်ဝိညာဏ်ကို အမောင်ရမယ်...(မှန်ပါ့) သဘောကျပလာ ...(ကျပါပြီဘုရား)။

မေ့တာက ဘာတဲ့...(အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာကြော ဘာဖြစ်သတုံး ...(သင်္ခါရ ဖြစ်ပါတယ်ဘုရား) သင်္ခါရပစ္စယာ.. (ဝိညာဏံပါဘုရား) ဘယ်ဝိညာဏ်တုံး ...(အပါယ်ပဋိသန္ဓေပ ဘုရား)။

ကဲ...အမောင် မေ့မှုကြောင့်၊ အဝိဇ္ဇာကြောင့် အမော ပြုချင်သလို ပြုပြီးနေခဲ့တယ်၊ ရောင်းချင်သလို ရောင်း၊ ဝယ်ချ သလို ဝယ်ပြီး နေခဲ့တယ်...(မှန်ပါ့)။

နေခဲ့တဲ့အတွက် အမောင်၏ အပါယ်ကိစ္စ၊ အပါယ်ခံ မည့်ကိစ္စကို အမောင့်အမေပြုသည်မဟုတ်ပါဘူး ...(မှန်ပါ့

http://www.thitsarparamisociety.com/

အမောင့်အဖေပြုသည် မဟုတ်ပါဘူး ...(မှန်ပါ့) ရဟန်း ပုဏ္ဏား တွေက လာပြုသည်မဟုတ်ဘူး၊ အမောင့်ကိစ္စကို အမောင်သာ လျှင်ဆိုင်တယ်...(မှန်ပါ့) ကောက်ချက်ရေးတာ...(မှန်ပါ့)။

ဒကာ ဒကာမတွေ ကြောက်စရာကောင်းတယ်... (ကောင်းပါတယ်ဘုရား)။

မေ့တာက ဘာပါလိမ့်...(အဝိဇ္ဇာပါဘုရား) မေ့တော့ ရောင်းချင်သလို ရောင်း၊ ဝယ်ချင်သလို ဝယ်တာက ဘာပါ လိမ့်...(သင်္ခါရပါဘုရား)။

အဲ...သင်္ခါရနဲ့ စုတေမနေ သေလွန်သွားတော့ အပါယ် ဝိညာဏ်မရပေဘူးလား ...(ရပါတယ်ဘုရား)။

ကဲ...ဦးမာဒင် ပဋိစ္စသမုပ္ပါဒ်နဲ့ကျတော့ ငြင်းလို့ရသေး ရဲ့လား ...(မရပါဘုရား) မေ့ပြစ် ဘယ်လောက်သင့်တယ်ဆိုတာ ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

## မေ့ပြစ်ကြောင့် အပါယ်ရောက်

မေ့ပြစ် အပါယ်လေးပါးသို့ ရောက်ပါတယ်...(ရောက်ပါ တယ်) ခင်ဗျားတို့က မေ့သွားတယ်နော်–သည်းခံပါ...(မှန်ပါ့) မရဘူး၊ အပါယ်က မရဘူး ...(မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီ ဘုရား)။

ကျုပ်က မေ့သွားလို့ပါ။ ပေးမယ်ဆိုတာ ကတိတော့ ရှိပါတယ်။ အိမ်ရောက်တော့ ကိစ္စတွေက များတော့ မေ့သွားလို့၊ ဒီတစ်ခါ သည်းခံလိုက်ပါဦး၊ အို...ကိစ္စမရှိဘူးတဲ့ ကိုယ့်လူချင်းကိုးဒါက...(မှန်ပါဘုရား)။

အပါယ်ကတော့ မေ့သွားတဲ့ဥစ္စာ အဝိဇ္ဇာသင်္ခါရဝိညာဏ်၊ မတတ်နိုင်ဘူးပေါ့...(မှန်ပါ) နိယာမ...(မှန်ပါဘုရား)။

ဒကာသစ် ဘာတဲ့...(နိယာမပါ) အဝိဇ္ဇာတည်းဟူသော အကြောင်းက သင်္ခါရကို သေသေချာချာလုပ်ရမယ်...(လုပ်ပါမယ်) သင်္ခါရက ဘာလုပ်ရမယ်...(ဝိညာဏ်ကို လုပ်ရပါမယ်) အပါယ်ဝိညာဏ်ကို သေသေချာချာ လုပ်ရမယ်။ ဒီဥစ္စာ ဒကာ ဒကာမတို့ မေ့သွားလို့ မရဘူး ...(မရပါဘုရား)။

ဒါဖြင့် မေ့မှုကြောင့် ပြုချင်သလိုပြုတယ်...(မှန်ပါ) ပြုချင်သလိုပြုလို့ ရောက်ချင်သလိုရောက်၊ ရချင်သလိုရ ရတယ်..(မှန်ပါ) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် အရိယာဓမ္မ သိပ်အရေးကြီးတယ်ဆိုတော့ မမေ့တာက အရိယာဓမ္မ...(မှန်ပါ) မေ့တာက မိစ္ဆာဓမ္မ...(မှန်ပါ) ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

## ကောက်ချက်ရေးတယ်

ကိုင်း ...ဒါနဲ့ ပထမစစ်ချက်မှာဖြင့် အမောင် မေ့ပြစ်ဟာ အမောင်သာလျှင် ဆိုင်တယ်ဆိုပြီး ကောက်နုတ်ချက်ရေးလိုက်ပါတယ်...(မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေကော မေ့ဖူးကြရဲ့လား ...(မေ့ဖူးပါတယ်) ဘယ်သူဆိုင်ပါလိမ့်...(မေ့တဲ့လူ ဆိုင်ပါတယ်)...ရိုပ်မိပြီ...(မှန်ပါ့ဘုရား)။

ဒီအပါယ်လေးပါး ဘယ်သူဆိုင်သတုံး ဒကာ ဒကာမတို့ ...(မေ့တဲ့လူပါ) မေ့တဲ့လူ ဆိုင်တယ်...(မှန်ပါ့) ဒီအထဲ မမေ့တဲ့လူကလည်း အတော်ရှားတယ်...(မှန်ပါ့) မရှားဘူးလား ...(ရှားပါတယ်ဘုရား)။

ရှားတယ်တဲ့။ ဒါဖြင့် ဒကာ ဒကာမတို့ အရိယာမေ့မှ မေ့နေကြပြီ...(မှန်ပါ့ဘုရား)။

## ဒုတိယစစ်ချက်

ဒါနဲ့ ဗြုန်းမနဲ့ အပါယ်ထဲကို ကဲ...ကွာ၊ ကျစေဆိုတဲ့ အမိန့်မချသေးဘူး ...(မှန်ပါ့) ဒုတိယမေးတယ်။

အမောင် နံရိုးကျဲကျဲနဲ့ တောင်ဝှေး အဖော်လုပ်နေတဲ့ ခါးကိုင်း, နားထိုင်းနေတဲ့ ပုဂ္ဂိုလ်များ အမောင် လူ့ပြည်မမြင်ဘူးလား

http://www.thitsarparamisociety.com/

တဲ့...(မှန်ပါ) မြင်ပါတယ်ခင်ဗျာ...။

ဩော်...ဇရာဒုက္ခဆိုတာကော မင်းမသိဘူးလားတဲ့... (မှန်ပါ) အိုတာတော့ သိတယ်၊ ဒုက္ခသစ္စာတော့ မသိဘူး တဲ့...(မှန်ပါဘုရား)။

ဩော်...ဒီလိုပဲ အိုသွားလို့ရှိရင်ဖြင့် မအိုရာရှာမယ်ဆိုတဲ့ မဂ္ဂင်စိတ်ကလေးများကော မပေါ်ဘူးလားတဲ့...(မှန်ပါ) မပေါ်ပါ ဘူးတဲ့။

ဩော်...အမောင် တယ်မေ့ပါလား၊ လာပြန်ပြီ ဒကာ ဒကာမတို့ ...(မှန်ပါဘုရား)။

## အိုတဲ့ပုဂ္ဂိုလ်တွေ မြင်ဖူးရဲ့လား

အအိုတွေ တွေ့ရင် ဒီ ဒကာ ဒကာမတွေလည်း အိုတဲ့ ပုဂ္ဂိုလ်တွေ တွေ့လို့ရှိရင် မအိုခင် လုပ်မှပဲဆိုတဲ့စိတ်ကော လာကြ ရဲ့လား ...(မလာပါ) တယ်မေ့ပါလား ...(မှန်ပါ) ဒါပဲရှိတော့ တာပဲ...ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

မေ့တာက ဘာပါလိမ့်...(အဝိဇ္ဇာပါ) အဝိဇ္ဇာပစ္စယာ... (သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ...(ဝိညာဏ်ပါ) အပါယ် ဝိညာဏ်...(မှန်ပါဘုရား)။

http://www.thitsarparamisociety.com/


ကဲ...ခင်ဗျားတို့ မေ့တာ နည်းနည်းသက်သာသလား ဒကာ ဒကာမတို့ ...(မသက်သာပါ) ကြောက်စရာ သိပ်ကောင်းတယ်...(မှန်ပါ့ဘုရား)။

ဦးမာဒင် ဒါလျှော့ပေါ့လို့ရှိရင် ဘုန်းကြီးအပါယ်ရောက် မနေဘ်...(မှန်ပါ့) ဦးဘထွေးတို့၊ ဦးသန်းမောင်တို့ လျှော့ပေါ့ရင် ဘုန်းကြီး အပါယ်ရောက်မယ်...(မှန်ပါ့) ဓမ္မကို အဓမ္မလုပ် ပေါ့ရာ ရောက်တယ်...(မှန်ပါ့ဘုရား)။

ဒါကြောင့် ဒီအထဲမှာ ဘုန်းကြီးမရင်းတဲ့ ဒကာ ဒကာမ တွေ တစ်ယောက်မှ မပါဘူး ...(မှန်ပါ့) လျှော့မပေါ့နိုင်ဘူး ... အကုန်အပါယ်ကျလိမ့်မယ်...(မှန်ပါ့ဘုရား)။

## ကိုယ့်ဟာကိုယ် ခံရတယ်

ဒီပဋိစ္စသမုပ္ပာဒ်က ဘုရားတားလို့ မရပါဘူး ...(မရပါ) ကိုယ်လုပ်တဲ့ ပဋိစ္စသမုပ္ပာဒ်က ကိုယ့်ဟာကိုယ်ခံရတယ်... (မှန်ပါ့) အဝိဇ္ဇာပစ္စယာ...(သင်္ခါရာပ့ါ) သင်္ခါရပစ္စယာ...(ဝိညာဏ်ပါ ဘုရား) ဘယ်ဝိညာဏ်ပါလိမ့်...(အပါယ်ဝိညာဏ်ပါ) အဲဒါ မေ့ပြစ်ဗျ...(မှန်ပါ့) အဝိဇ္ဇာဆိုတာ မေ့တာ...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီ) ဒါ ဘယ်သူတတ်နိုင်သတုံး ...(ဘယ်သူမှ မတတ် နိုင်ပါဘုရား)။

http://www.thitsarparamisociety.com/



အဲဒါကြောင့် အမောင့် မေ့ပြစ်ဟာ အမောင်သာလျှင် ဆိုင်တယ်...(မှန်ပါ့) ဒုတိယကောက်နုတ်ချက် ရေးလိုက်တယ်...(မှန်ပါ့) သဘောကျကြပလား ...(ကျပါတယ်) ကြောက်စရာဘယ်လောက်ကောင်းသတုံး ...(ကောင်းပါတယ်ဘုရား)။

ခင်ဗျားတို့ အဲဒီကျရင် အစစ်ခံရဦးမနော်...(မှန်လှပါ) ဒကာ ဒကာမတို့ အစစ်ခံရဲပါ့မလား ...(မခံရဲပါဘုရား)။

ဟိုက မျက်လုံးဖွင့်ကြည့်ရင်ကို ဒီက သေတယ်၊ ဒါလောက် ကြောက်စရာကောင်းတဲ့လူ၊ စစ်နေတဲ့ ယမမင်းကြီးက ...(မှန်ပါ့) လိမ်ဖို့မှာ ဝှက်ရမှာတော့ ဝေးပါသေးရဲ့ ...(မှန်ပါ့)အမှန်ချည်း ပြောရတယ်...(မှန်ပါ့) သဘောကျကြပလား ...(ကျပါပြီဘုရား)။

## မင်းအပါယ်ကျမယ်

ကဲ...ဒါနဲ့ပဲ အမောင်ရယ်တဲ့ ဒီဥစ္စာ အမောင်ပြုတဲ့ အမောင့် မေ့ပြစ်ဟာ အရိယာမဂ္ဂတွေ အမောင်မေ့နေတဲ့ မေ့ပြစ်ဖြင့် မင့် အမေလည်း မဆိုင်ဘူး၊ မင့်အဖေလည်း မဆိုင်ဘူး၊ မင့်သားမယားလည်း မဆိုင်ဘူး၊ မင်းလုပ်ကျွေးနေတဲ့ သားသမီးများလည်း မဆိုင်ဘူး၊ရဟန်းသံဃာတွေလည်း မဆိုင်ဘူး၊ ဆွေမျိုးဉာတကာတွေလည်း မဆိုင်ဘူး၊ အမောင့်မေ့ပြစ်ဟာ အမောင်သာလျှင် ပိုင်တယ်ဆိုပြီး ဒါကို ထုတ်ပြတယ်...(မှန်ပါ့) ဝိညာဏ် ထုတ်ပြတယ်...(မှန်ပါ့) ဝိညာဏ်ဆိုတာ အပါယ်ဝိညာဏ်

http://www.thitsarparamisociety.com/


မင်းအပါယ်ကျမယ် ပြောချလိုက်တယ်...(မှန်ပါဘုရား)။

ဘယ်နှချက်ရှိသွားပြီလဲ...(နှစ်ချက်ရှိသွားပါပြီ) ဒါနဲ့ မကျေနပ်သေးပါဘူး၊ ဗြုန်းခနဲ အပါယ်ကျစေဆိုတဲ့ ဒီဂရီမချ သေးပါဘူး ...(မှန်ပါဘုရား)။

## ရာဇဝတ်သင့်သူတွေ မြင်ဖူးရဲ့လား

အမောင်တဲ့ လူ့ပြည်မှာ နေတဲ့အခါကျတော့ ရာဇဝတ် ဘေးဒဏ်သင့်တဲ့ ပုဂ္ဂိုလ်တွေများ မင်းမြင်ဖူးရဲ့လားတဲ့...(မှန်ပါ) လက်ထိပ်ခတ်ပြီးသကာလ ကြိမ်တွေနဲ့ရိုက်၊ မျဉ်းလုံးတွေနဲ့ ခြေထောက်ကို လှိမ့်ပြီးသကာလ စစ်တာတွေ၊ ခြေထောက် မိုးပေါ် ကြိုးနဲ့ဆွဲပြီး ခေါင်းတန်းလန်း အောက်မှာနေစေပြီး စစ်တာတွေကော အမောင် မြင်ဖူးရဲ့လား၊ မြင်ဖူးပါတယ်...တဲ့၊

ဪ...မကောင်းမှုလုပ်တဲ့ ပုဂ္ဂိုလ်များ ဒိဋ္ဌဓမ္မအကျိုးပေး ပါလား၊ အရိယာဓမ္မ မရသေးသ၍ ဒီသံသရာ ဒီလိုလည်နေရောက ကလားလို့ မင်းသည် အရိယာဓမ္မများ လုပ်မယ်လို့ မတွေးမိဘူး လားတဲ့...(မှန်ပါဘုရား)။

ကြားတော့ ကြားဖူးတယ်၊ မတွေးမိဘူးတဲ့...(မှန်ပါ) အမောင် တယ်မေ့ပါကလား ...(မှန်ပါဘုရား)။

http://www.thitsarparamisociety.com/



## တတိယစွဲချက်

ဒကာ ဒကာမတို့ ဘယ်လိုများ စွဲချက်တင်လိုက်ပါလိမ့် ...(တယ်မေ့ပါလားလို့ ထင်ပါတယ်ဘုရား)။

တယ်မေ့ပါလား ...၊ ဟိုမှာ လက်တွေ့တရားဟောဆရာ ရှိပါလျက်သားနဲ့ မကောင်းမှုဟာ ဒိဋ္ဌဓမ္မ အကျိုးပေးတယ်၊ သံသရာမှာ ဒီထက်ကြီးကျယ်တယ်ဆိုတဲ့ဥစ္စာ ပေးရလိမ့်မယ်ဆို တာ မင်းသတိထားပြီးသကာလ အရိယာအလုပ်များ လုပ်ဖြစ်ပါ ရဲ့လားတဲ့...(မှန်ပါ့ဘုရား) ဒီအတိုင်းမေးတာပဲ...(မှန်ပါ့)။

ကျွန်တော် မလုပ်ဖြစ်ပါဘူးတဲ့၊ အမှန်ပဲ ဖြေရတယ်နော်... (မှန်ပါ့ဘုရား)။

## သေမင်းတမန်တွေ

ဒေဝဒူတသုတ်တဲ့ ဒကာ ဒကာမတို့ ဒေဝက=နတ်၊ ဒူတ ဟ တမန်ပေါ့ဗျာ...(မှန်ပါ့) တစ်ခါတည်း ကိုယ့်ရှေ့မှာ တမန်တွေ ရောက်ပြီးသကာလ သေမင်းတမန်တွေ ရောက်ပြီးသကာလ ဒကာ ဒကာမတို့ စစ်ဆေးတဲ့တရား ...(မှန်ပါ့) သဘောပါပလား ...(ပါ–ပါပြီဘုရား)။

အမောင် တယ်မေ့ပါကလား၊ အဲဒီ အမောင့်မေ့ပြစ်ဟာ ဖြင့် အမောင်တစ်ယောက်ပဲ ဆိုင်တယ်၊ အမေကလည်း မဆိုင်

http://www.thitsarparamisociety.com/


ဘူး၊ အဖေကလည်း မဆိုင်ဘူး၊ အမောင်လုပ်ကျွေးတဲ့ သားသမီးတွေလည်း မဆိုင်ဘူး ...(မှန်ပါ့) အမောင် ရွှေပေါ်မြတင်ထားတဲ့ အမောင့် သားသမီး ခင်ပွန်းမတွေလည်း မဆိုင်ဘူး ...(မှန်ပါ့ဘုရား) ဘေးက ရဟန်း, ပုဏ္ဏားတွေလည်း မဆိုင်ဘူး၊ အမောင်သာလျှင် မေ့ပြစ်သင့်တယ်ဆိုပြီး ဒါပဲပြတယ်...(မှန်ပါ့)။

အဝိဇ္ဇာပစ္စယာ...(သင်္ခါရပါဘုရား) သင်္ခါရပစ္စယာ...(ဝိညာဏ်ပါဘုရား) ဝိညာဏ်ဆိုတဲ့ အပါယ်ဝိညာဏ် အမောင်ပဲရမယ်...(မှန်ပါ့ဘုရား)။

ကဲ...ဒကာ ဒကာမတို့ ဘယ်နချက်ရှိသွားပြီလဲ...(သုံးချက်ရှိသွားပါပြီ)။

## စတုတ္ထစစ်ချက်

အမောင် ...တဲ့၊ ပြန်စစ်တယ်၊ လူ့ပြည်တုံးကကွာ ...တဲ့ ဘေးက ဆေးခွက်တွေက ဝိုင်းလို့၊ သူ့အဝတ်မှ သူမဖုံးနိုင်တဲ့ လူနာများ မြင်ဖူးရဲ့လား ...တဲ့ မြင်ဖူးပါတယ်...တဲ့...(မှန်ပါ့ဘုရား)။

## လူမမာပုဂ္ဂိုလ်တွေ မြင်ဖူးရဲ့လား

သူ့ရေမှ သူမသောက်နိုင်၊ သူ့ကျင်ကြီးမှ သူမသုတ်သင်နိုင်၊ အဝတ်တွေမှ မဖုံးနိုင်...၊ နဂို ဖုံးလာတာတွေဟာ အရှက်အကြောက်တွေတောင်မှ မလုံခြုံအောင်ဖြစ်လာတဲ့ လူမမာများ

http://www.thitsarparamisociety.com/


အမောင် မြင်ဖူးရဲ့လား ...တဲ့ မြင်ဖူးပါတယ်...တဲ့...(မှန်ပါ့ဘုရား)။

ဒါလည်းမြင်ဖူးတယ်...(မှန်ပါ့) ဩော်...ဒါဖြင့် 'ဗျာဓိ ဓမ္မောမှိဗျာဓိံ အနတီတောတိ' ဆိုတဲ့အတိုင်း ဒါ...မလွန်နိုင်တဲ့ တရားပဲ၊ အဲဒီတော့ လွန်ရာဆိုတဲ့ နိဗ္ဗာန်ရောက်ကြောင်း အရိယာ ဓမ္မဖြစ်တဲ့ မဂ္ဂင်အလုပ်ကို လုပ်မယ်လို့များ၊ အမောင် လုပ်မယ်... လို့ သူ့မြင်တော့ မပေါ်ဘူးလား ...တဲ့...(မှန်ပါ့) ကျွန်တော် မပေါ်ပါဘူးခင်ဗျား ...တဲ့...(မှန်ပါ့)။

ဒကာ ဒကာမတွေကော ပေါ်ကြရဲ့လား ...(မပေါ်ပါ ဘုရား) ရှိပါစေတော့ ခင်ဗျားတို့တော့ အပါယ်ပါပဲ...(မှန်ပါ့) အတော်ကြောက်စရာကောင်းတယ်...(ကောင်းပါတယ်ဘုရား)။

## မဂ္ဂင်ရှောင်ရင် အပါယ်ဆောင်ရမယ်

အတော်ကြောက်စရာကောင်းတယ်နော်၊ ဒါ...အခုပြော တဲ့ တရားသည် ဒကာ ဒကာမတို့ လူတိုင်း တရားဟောဆရာ ဖြစ်မှ မဂ္ဂင်အလုပ် လုပ်ဖြစ်မယ်...(မှန်လှပါဘုရား) မဂ္ဂင်အလုပ် လုပ်ဖြစ်လို့ရှိရင်ဖြင့် ခင်ဗျားတို့ ကယ်မည့်, ယူမည့်လူ ရှိပါတယ် ...(မှန်ပါ့ဘုရား) တွေ့လျက်သားနဲ့ မေ့ပြီးသကာလ မဂ္ဂင်ရှောင် လို့ရှိရင်ဖြင့် အပါယ်ဆောင်ရတော့မှာပဲ...(မှန်ပါ့) သဘောကျပ လား ...(ကျပါပြီဘုရား)။

http://www.thitsarparamisociety.com/


ဒါဖြင့် ဒကာ ဒကာမတို့ မေ့ပြစ်သည့် ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ချပြပါတယ်...(မှန်ပါ့) မေ့တာက ဘာတဲ့ ... (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာပစ္စယာ...(သင်္ခါရာပါဘုရား) သင်္ခါရ ပစ္စယာ...(ဝိညာဏ်ပါဘုရား) အဲ...အပါယ်ဝိညာဏ်ဆိုတော့ ဒကာသစ် ဒါက ဘယ်သူရှောင်လို့ရသတုံး ...(မရပါဘုရား)။

## မေ့တာက ဘာတုံး

ဦးဘထွေး ဒါ,မေ့ပြစ်နော်...(မှန်ပါ့) ဦးသန်းမောင် ဒါ, ဘာတုံး ...(မေ့ပြစ်ပါဘုရား) မေ့တာဘာတုံး ...(အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာပစ္စယာ ...(သင်္ခါရာပါဘုရား)။

ဒါက နို့ ...ဘယ်သူကမှ ကန့်ကွက်လို့ကော ရရဲ့လား ...(မရပါဘုရား) အဝိဇ္ဇာရှိရင် သင်္ခါရဖြစ်မယ်...(မှန်လှပါဘုရား) သင်္ခါရရှိရင် ...(ဝိညာဏ်ဖြစ်ရပါမယ်ဘုရား) အပါယ်ဝိညာဏ် ဖြစ်ရမယ်...(မှန်ပါ့) မဖြစ်ပါနဲ့ဆိုလို့ ...(မရပါဘုရား) ဘုရား တားလို့လည်း ...(မရပါဘုရား) ရှင်းပလား ...(ရှင်းပါပြီ)။

## သုပ္ပဗုဒ္ဓမင်းကြီး

ဘုရားတားလို့သာ ရမယ်ဆိုရင်ဖြင့် သိဒ္ဓတ္ထမင်းသား ပြစ်စဉ်အခါတုန်းက ယသော်ဓရာ့အဖေ သုပ္ပဗုဒ္ဓ ရှိသားပဲ... (မှန်ပါ့) ယောက္ခမဆိုတာ အမေမိဘ...(မှန်ပါ့) အဲဒါ အပါယ်သွား ဘာ တားနိုင်ရဲ့လား ...(မတားနိုင်ပါဘုရား) ဒီအဝိဇ္ဇာပစ္စယာ

http://www.thitsarparamisociety.com/


သခ်ါရာ လုပ်ချလိုက်တာ...(မှန်ပါ့) ရှင်းကြပလား ...(ရှင်းပါပြီ) သဘောပါကြပလား ...(ပါ–ပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပာဒ်ကို ဘုရားမတားနိုင်ဘူး ...(မှန်ပါ့) တရားသာ တားနိုင်တယ်...(မှန်ပါ့)။

ပဋိစ္စသမုပ္ပာဒ်ကို ဘုရားက ...(မတားနိုင်ပါဘုရား) သံဃာက...(မတားနိုင်ပါဘုရား) တရားကတော့...(တားနိုင်ပါတယ် ဘုရား)။

ဒါဖြင့် အရိယာမဂ္ဂင်တရား ခင်ဗျားတို့ မလုပ်မဖြစ်ဘူး ...(မှန်လှပါဘုရား) ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။ ကဲ... ဒကာကြွယ်ရေ လာပြန်ပြီတဲ့၊ ကဲကွာ...ဒီကောင်တွေ အပယ်သာ ဆွဲချလိုက်ပါတော့လို့ နောက်က စောင့်နေတဲ့ ငရဲထိန်းတွေကို မပြောဘူး ...(မှန်ပါ့) မင်းဟာကွာ...တဲ့၊ လူ့ပြည်မှာ မသာများ ပို့ဖူးပါရဲ့လားတဲ့ ...(မှန်ပါ့) ပို့ဖူးပါတယ်ခင်ဗျား ...တဲ့။

## ပဋ္ဌမ စစ်ချက်

ဖူးဖူးယောင်ပြီးသကာလ ဒီအကောင်တွေ အဆင်းတွေ ပျက်ပြီးသကာလ နေတဲ့ အသုဘကြီးများ မြင်ဖူးရဲ့လားကွတဲ့ ...(မှန်ပါ့) မြင်ဖူးပါတယ်ခင်ဗျားတဲ့။

http://www.thitsarparamisociety.com/

နို့ ...မြင်ဖူးတဲ့အခါကျတော့ ဒီအသေလွတ်ရာ မင်းရှာမယ်လို့ အရိယာစိတ်ကလေးများ မပေါ်ဘူးလား ...တဲ့... (မှန်ပါ့) မပေါ်ပါဘူးတဲ့ သေမျိုးမို့ သေတယ်ပဲ အောက်မေ့တယ်... (မှန်ပါ့) သွားပါရော...(မှန်ပါ့) ခင်ဗျားတို့လည်း ဒီအတိုင်းပါပဲ... (ဒီအတိုင်းပါဘုရား)။

## အသုဘတွေ မြင်ဖူးရဲ့လား

ခင်ဗျားတို့ မသာပို့တော့ ဩော်...သေမျိုးပဲ သေမှာပေါ့ ...(မှန်ပါ့) ဘာမှ အရိယာခမ္မဘက် လှည့်သေးသလား ...(မလှည့်ပါဘုရား)။

သူတော့ဖြင့် သေပြီ၊ ငါမသေရှာမယ်လို့ ဥပုသ်ကြီးနဲ့ မလိမ်ကြနဲ့ ဒီလိုစိတ် လာကြရဲ့လား ...(မလာပါဘုရား)။

မလာဘူး ..(မှန်ပါ့) တယ်လည်း ပြောင်ပြောင်ပြောပါလား ...(မှန်ပါ့) သိပ်ကြောက်စရာ ကောင်းနေပြီနော် ... (မှန်ပါ့ဘုရား) အင်မတန်ဆိုးဝါးတဲ့ ဒကာ ဒကာမတွေ မေ့ချက်ပြင်းထန်လိုက်တာ...(မှန်ပါ့)။

ဦးမာဒင် ဘယ့်နှယ်တုံး ...(မေ့ချက် ပြင်းထန်ပါတယ်ဘုရား) ဩော်...ဒကာ ဒကာမတို့ အသုဘပို့တာလည်း အလောင်းပေါင်း မရေတွက်နိုင်ကြပါဘူး ...(မရေတွက်နိုင်ပါဘုရား)။

http://www.thitsarparamisociety.com/

ဩော်...သေမျိုးမို့ သေသွားရှာတာပဲ၊ မလွန်ဆန်နိုင်တော့ သေရမှာပဲ၊ ကိုယ်တို့လည်း သေရမှာပဲ...ဒါတော့ ခင်ဗျားတို့ မရဏာနုဿတိတော့ လာတယ်၊ ဟုတ်လား ...(မှန်ပါ့)။

## အောက်တန်းတရားတော့ လာတယ်

မရဏာနုဿတိ လာပြီးသကာလ ခုနင်က မဂ္ဂင်အလုပ် ရှာမယ်ဆိုတဲ့ အလုပ်ကတော့ ...(မလာပါဘုရား)။

ဩော်...ခင်ဗျားတို့ဟာ အောက်တန်းတရားတော့ လာပြီး အထက်တန်းတရား မလာပဲ ဖြစ်နေတယ်...(မလာပါဘုရား) ကြောက်စရာကောင်းလိုက်တာ...(မှန်ပါ့)။

ဘာတရား လာသတုံး ...(အောက်တန်းတရား လာပါတယ်ဘုရား) ဩော်...သူသေသလို ကျုပ်တော့ ရှေ့သွားနောက်လိုက်ပါပဲ...(မှန်ပါ့) ဒါက ဘာပါလိမ့်...(အောက်တန်းတရားပါဘုရား) အောက်တန်းတရား သမထ...(မှန်ပါ့)မရဏာနုဿတိလို့ ခေါ်တယ်...(မှန်ပါ့) ရိပ်မိကြပလား ...(ရိပ်မိပါပြီဘုရား)။

## အထက်တန်းတရား ဉာဏ်လှည့်ကြပါ

ဟာ...သူတော့ဖြင့် သေပြီ၊ တို့မသေရာ ရှာမယ်လို့ လာရဲ့လား ...(မလာပါဘုရား) အဲဒီ...အထက်တန်းတရားကျတော့ ခင်ဗျားတို့က ဉာဏ်မလှည့်ဘူး ...(မှန်ပါ့ဘုရား)။

http://www.thitsarparamisociety.com/

ကဲ...ဦးသန်းမောင်တို့ ကျုပ်တို့ သိပ်ထူလွန်းတယ်ဗျာ... (ထူပါတယ်ဘုရား) ဦးဘထွေး မထူဘူးလား ...(ထူပါတယ် ဘုရား)။

## ဆရာကောင်းနဲ့တွေ့နေပြီ

ဦးမာဒင်...(ထူပါတယ်ဘုရား) ပါးကြစမ်းပါဦးဗျာ... ဒါလောက် ဆရာကောင်း, သမားကောင်းနဲ့ တွေ့နေတဲ့ဥစ္စာ ဒကာကြွယ် ပါးကြပါဦး ...(မှန်လှပါဘုရား) ကိုင်း ... သေတော့ သေကုန်ပြီကွာ၊ ဒို့တော့ မသေရှာမယ်ဟော့...(မှန်ပါ့ ဘုရား) ဒီလိုအလောင်းတွေချည်းဖြစ်ရ, မြေကြီး ကြီးပွားရေးတွေ ချည်း လုပ်နေရတယ်...(မှန်ပါ့) အလောင်းချရတဲ့ဥစ္စာ ဘာပါလိမ့် ...(မြေကြီး-ကြီးပွားရေးပါဘုရား)။

နောက်တစ်ခါ အလောင်းချရပြန်ကော...(မြေကြီး, ကြီး ပွားရေးပါဘုရား) နောက်တစ်ခါ အလောင်းချရပြန်ကော... (မြေကြီး ကြီးပွားရေးပါဘုရား) မြေကြီး, ကြီးပွားလို့ ခင်ဗျားတို့ ဘာအသုံးကျသလဲ ...(မကျပါဘုရား)။

ဒါကြောင့် ...ခင်ဗျားတို့ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် အကြိမ်ကြိမ်ဖြစ်ရပါလို၏ဆိုတာ မြေကြီး, ကြီးပွားရေးလုပ်တာ ...(မှန်လှပါဘုရား)။

http://www.thitsarparamisociety.com/

## မြေကြီး ကြီးပွားရေး အားမပေးပါနဲ့

ရှင်းပလား ...(ရှင်းပါပြီ) ဒုက္ခသိမ်းရာ ငြိမ်းရာသာ သွားပါတော့မယ် ဆိုလို့ရှိရင် ကောင်းတယ်နော်...(မှန်ပါ့) မြေကြီး ကြီးပွားရေး အားမပေးပါနဲ့ ...(မှန်ပါ့) သဘောကျပလား ... (ကျပါပြီဘုရား)။

ဘာ အားမပေးရမှာတုံး ...(မြေကြီး ကြီးပွားရေး အားမပေးရမှာပါဘုရား)။

ဒကာကြွယ် အခု ဒကာ ဒကာမတွေမှာ မြေကြီး ကြီးပွားရေး အားပေးနေတဲ့ ဒကာ ဒကာမတွေ မနည်းလှဘူးနော်... (မနည်းပါဘုရား)။

ကိုင်း ...ဒါနဲ့ မင်းမြင်ဖူးရဲ့လား ...နှစ်ရက်, သုံးရက် ဖူးဖူးယောင်နေတာ၊ မြင်ဖူးပါတယ်တဲ့...။

မြင်ဖူးတော့ ဩော်...ဒီအသေမျိုးဟာ အသုဘပါလား ...၊ ဒုက္ခသစ္စာပါလား ...၊ ဒုက္ခလွတ်ရာ ရှာမှပဲဆိုတဲ့ အရိယာစိတ်ကလေးများ မပေါ်ဘူးလားကွာတဲ့ ...(မှန်ပါ့) မပေါ်ပါဘူးခင်ဗျာ၊ အမှန်ပဲ အစစ်ခံရတယ် ... (မှန်ပါ့)။

ဩော်...မောင် မေ့ချက် တယ်ပြင်းပါလား ...(မှန်ပါ့) ဦးမာဒင် ဘာပြောလိုက်သတုံး ..(မေ့ချက်ပြင်းပါတယ်)

http://www.thitsarparamisociety.com/

ဦးသန်းမောင်တို့ ယမမင်းက ဘယ့်နှယ်ပြောလိုက်သလဲ... (မေ့ချက်ပြင်းပါတယ်ဘုရား)။

မေ့ချက်တယ်ပြင်းပါလားဆိုတော့ မေ့တာ ဘာပါလိမ့်... (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာပစ္စယာ...(သင်္ခါရာပါဘုရား) သင်္ခါရာ ပစ္စယာ...(ဝိညာဏ်ပါဘုရား) အပါယ်ဝိညာဏ်...(မှန်ပါ့)။

## မဂ္ဂင်အလုပ် မြန်မြန်လုပ်ပါ

ကိုင်း ...ခင်ဗျားတို့မေ့တာ၊ သြော်...တပည့်တော်တို့က သားရေး, သမီးရေး, စီးပွားရေးကြောင့် မဂ္ဂင်အလုပ် မလုပ်ဖြစ် ဘူးဘုရား ...(မှန်ပါ့)။

မလုပ်ဖြစ်ဘူးဆိုတော့ သြော်...ခင်ဗျားတို့ သာမညဆရာ သမားကတော့ သြော်...ငယ်သေးသကိုး၊ ငယ်လည်း သွား- အပါယ်ကို ရှုပ်မနေနဲ့ ... (မှန်ပါ့ဘုရား) သဘောကျပလား ... (ကျပါပြီဘုရား)။

လုပ်မနေကြပါနဲ့၊ သာမညစကားကို ဦးမာဒင် နားယောင် မနေပါနဲ့ ...(မှန်ပါ့) အချိန်မီပါသေးတယ် မဂ္ဂင်အလုပ် မြန်မြန် လုပ်ပါ...(မှန်ပါ့)။

ဒကာ ဒကာမတို့ ဆရာသမားက ဘယ်လိုဆုံးမသတုံး ...(အချိန်မီပါသေးတယ်၊ မဂ္ဂင်အလုပ် မြန်မြန်လုပ်ပါ)။

http://www.thitsarparamisociety.com/

## အချိန်မီပါသေးတယ်

အချိန်မီသေးတယ်၊ အချိန်မီသေးတယ်၊ အခု အဟုတ် လုပ်ရင် အဟုတ်ရသေးတယ်...(မှန်ပါ့) သဘောကျပလား ... (ကျပါပြီဘုရား)။

ကောင်းပြီတဲ့၊ ဒီလိုပြောလိုက်တော့ အမောင် မေ့ချက် တယ်ပြင်းတယ်၊ မေ့တဲ့အပြစ်ဟာ အမောင်၏ ခင်ပွန်းမ, နဲ့လည်း မဆိုင်ဘူး ... (မှန်ပါ့) သဘောကျပလား ...(ကျပါပြီ) အမောင်၏ သားသမီးတွေနဲ့ကော ...(မဆိုင်ပါဘုရား)။

အမောင့်ဆွေမျိုးဉာတကာနဲ့ကော ...(မဆိုင်ပါဘုရား) ရဟန်းသံဃာတွေနဲ့ကော ... (မဆိုင်ပါဘုရား)။

ဒါဖြင့် အမောင် ဘယ်သူနဲ့မှ မဆိုင်ဘူး၊ အမောင့်မေ့ချက် သည် အမောင်သာလျှင် ဆိုင်တယ်...(မှန်ပါ့) ကောင်နုတ်ချက် ချပြန်ပြီ ... (မှန်ပါ့)။

ဒါ...ဘုရားက သူကိုယ်တိုင် အိမ်ပေါက်နှစ်ခုမှာ တက်တဲ့ ပုဂ္ဂိုလ်လည်း ငါမြင်ပါတယ်ကွတဲ့၊ ဆင်းတဲ့ ပုဂ္ဂိုလ်လည်း ဒီလို စစ်နေတာတွေ ငါကိုယ်တိုင် မြင်ပါတယ်ကွတဲ့...(မှန်ပါ့)။

ကိုင်း ...ဒကာ ဒကာမတို့ မှသားပြောတာလား ...တော် အောင် ပျော်အောင်နဲ့ မှန်းပြောနေတာလား ...ဘုရားဖြစ်တဲ့နေ့က

http://www.thitsarparamisociety.com/


စပြီး မြင်တာ ပြောနေတာလား ...(ဘုရားဖြစ်တဲ့နေ့က စ၍မြင်တာ ပြောနေတာပါ) ယုံကြပလား ...(ယုံပါပြီဘုရား)။

## စစ်ချက်ငါးချက် စစ်လိုက်တယ်

အဲဒီလို စစ်ချက်ကို စစ်ချက်ငါးချက်စစ်လိုက်တာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံချည်း အဖြေထွက်လာတယ်...(မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ်လိုထွက်ပါလိမ့်...(အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံချည်း အဖြေထွက်ပါတယ်ဘုရား)။

ဒကာသစ် သတိထားနော် ... (မှန်ပါ့) အားလုံး ဒကာ ဒကာမတွေ သတိထားပါ ... (မှန်ပါ့)။

ဘာတွေ အဖြေထွက်လာသတုံး ...(အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ အဖြေထွက်လာပါတယ် ဘုရား)။

ကိုင်း ...ကောင်းကြသေးရဲ့လား ...(မကောင်းပါ ဒါချည်းလာနေတယ်...(မှန်ပါ့)။

အဝိဇ္ဇာဆိုတာ မသိတာ...(မှန်ပါ့) သင်္ခါရဆိုတာ ပြုချင်သလိုပြုတာ...(မှန်ပါ့) ပြုချင်သလို ပြုလို့ ရောက်ချင်သလို ရောက်ရတဲ့ အပါယ်လေးပါး ခန္ဓာပေါ်လာတယ်...(မှန်လှပါ

http://www.thitsarparamisociety.com/

ဘုရား)။

## လူတစ်သိန်းသေလို့ နတ်ပြည်တစ်ယောက်မရောက်

ဒကာ ဒကာမကို မေ့လိုက်တာဆိုတဲ့ အဖြစ်ဟာ သေးသေးလား ...ကြီးကြီးလား ...(ကြီးကြီးပါဘုရား) တယ်ကြောက်စရာကောင်းပါလား ဒကာကြွယ် ...(မှန်ပါ့)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လူတစ်သိန်း နတ်တစ်သိန်းသေလို့ကွ...နတ်ပြည်တစ်ယောက် ပြန်မရောက်ဘူး၊ အကုန်အပါယ်သွားတယ်ဆိုတာ ဒီမေ့ပြစ်တွေ မှတ်စမ်းပါ ...(မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ်အပြစ်ကြောင့် ကျပါလိမ့်... (မေ့ပြစ်ကြောင့် ကျပါတယ်ဘုရား)။

ကဲ...ဒါဖြင့် မမေ့တာသည် အရိယာတရား ...(မှန်ပါ့) မေ့တာသည် အပါယ်လေးပါးသွားတဲ့တရား ...(မှန်ပါ့)။

## မေ့တာသည် အပါယ်သွားတဲ့ တရား

မေ့တာသည်...(အပါယ်လေးပါးသွားတဲ့တရားပါ) မမေ့တာသည်...(အရိယာတရားပါဘုရား)။

အရိယာတရားဆိုတော့ ဘုန်းကြီးက မမေ့တဲ့ သတိပဋ္ဌာန် အလုပ်ကို ပေးလိုက်လို့ရှိရင် ခင်ဗျားတို့ ဘာမှမစိုးရိမ်နဲ့ ...

http://www.thitsarparamisociety.com/


(မှန်လှပါ) သဘောကျပလား ...(ကျပါပြီ)။

ဘာမှမစိုးရိမ်နဲ့၊ ခန္ဓာကိုယ် ဖြစ်ပျက်တစ်ချက် မြင်လိုက်ရင် မစိုးရိမ်နဲ့ ...(မှန်ပါ့)။

ဒါ...အနည်းဆုံး အင်မတန် အဖိုးတန်တဲ့ အလုပ်ဆိုတာ မှတ်လိုက်စမ်းပါ...(မှန်ပါ့) ဖြစ်ပျက် ကျကျနန တစ်ချက်မြင်လိုက်လို့ရှိရင် ကျွတ်တမ်းဝင်တယ်...(မှန်ပါ့)။

ဒါဖြင့် မမြင်, မြင်အောင် ကြိုးစားရမယ်...(မှန်ပါ့ဘုရား) သဘောကျပလား ..(ကျပါပြီ) ဒါဖြင့် ဒါ,အရိယာမဂ္ဂပဲ။

## အားထုတ်ကြစမ်းပါ အဖိုးတန်လို့ပြောတာ

ဖြစ်ပျက်မြင်တဲ့မဂ္ဂသည်...(အရိယာ မဂ္ဂ) အဲဒီ အရိယာမဂ္ဂ တစ်ချက်က အကုန်ကယ်နိုင်တယ်...(မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားထုတ်ကြစမ်းပါ၊ အားထုတ်ကြစမ်းပါဆိုတာ အဖိုးတန်လွန်းလို့ ပြောတာပါ...(မှန်ပါ့)။

မေ့တော့ကို 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ, သင်္ခါရပစ္စယာ ဝိညာဏံ' ဒကာသစ် ဖြစ်ပါတယ်...(မှန်ပါ့)။

မမေ့တော့ကို အဝိဇ္ဇာက ချုပ်တယ်...(မှန်ပါ့) မချုပ်ဘူးလား ...(ချုပ်ပါတယ်ဘုရား)။ သင်္ခါရကကော...(ချုပ်ပါတယ်)

http://www.thitsarparamisociety.com/


ဝိညာဏ်ဆိုတဲ့ အပါယ် ပဋိသန္ဓေ လေးပါးကကော...(ချုပ်ပါ တယ်ဘုရား)။

## အပါယ်ကို မသွားတော့ဘူး

ဪ...ဒါဖြင့် သက်သေခံ လုံလောက်နေပြီ...(မှန်ပါ့– လုံလောက်ပါပြီ) အပါယ်ကို မသွားတော့ဘူး ...(မှန်ပါ့) သွား သေးရဲ့လား ...(မသွားပါဘုရား)။

ဪ... မမေ့တဲ့အတွက်ဟာ သိပ်အဖိုးတန်ပါလား ... (တန်ပါတယ်ဘုရား)။

ဦးမာဒင် ကျေနပ်လောက်ပါတယ်...(ကျေနပ်လောက်ပါ တယ်ဘုရား) ကျေနပ်လောက်ပါတယ် ဒကာ ဒကာမတို့ ဒါ... ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကို ဘုရား တားမရခြားသော်လည်း ခင်ဗျား တို့ ဉာဏ်တရားက တားလိုက်လို့ ဘုရားဟောတော်မူတဲ့အတိုင်း ဆရာဘုန်းကြီးပေးတဲ့ ဉာဏ်တရားနဲ့ တားလိုက်လို့ရှိရင် အဝိဇ္ဇာ က ဝိဇ္ဇာဖြစ်သွားတယ်...(မှန်ပါ့)။

သင်္ခါရက ပြုပြင်တဲ့တရား အပါယ်ရောက်ဖို့ ပြုပြင် တက်တယ်၊ သူက အသင်္ခါရ မပြုပြင်တော့ဘူးဟေ့တဲ့...(မှန်ပါ့) သူကမှ မပြုပြင်တော့ အပါယ်ခန္ဓာကြီး ပေါ်ပါ့ဦးမလား ...(မပေါ် ပါဘုရား)။

http://www.thitsarparamisociety.com/


## ဖြစ်ပျက်မြင်ရင် ကျေနပ်ပါတယ်

ဩော်...ဒါဖြင့် ဒကာ ဒကာမတို့ အရိယာမဂ္ဂ တစ်ချက်ဟာ ဘယ်လောက်အဖိုးတန်သတုံး ...(တန်ပါတယ်) ဒါကြောင့် ဖြစ်ပျက်ကလေး တစ်ချက်မြင်ရင် ဘုန်းကြီးကျေနပ်ပါတယ်... (မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီ)။

ဒါနဲ့ ခုနင်က ဇာတ်ထုတ်ပဲ ဘုရားဟောတော်မူတာ၊ ဘုရားတစ်ဆူ တစ်ဆူမှ တစ်ခါဟောတယ်ဆိုတော့ နားထောင်ပါဦးတဲ့ ...(မှန်ပါ့) ဒီမှာ ငါးချက်ဟောတယ်ဆိုတော့ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ' ချည်း ဦးမဒင်လာတော့တယ်...(လာပါတယ်ဘုရား)။

## မင်းမေ့ပြစ်သည် မင်းနဲ့သာ ဆိုင်တယ်

အဲဒီ မင်းမေ့ပြစ်သည်ကားလို့ဆိုရင် မင်းသား၊ မင်းသမီး၊ မင်းဆွေမျိုး၊ရဟန်းပုဏ္ဏားနဲ့တကွ ဘယ်သူမှမဆိုင်ဘူး မင်းသာ ဆိုင်တယ်ဆိုပြီး စစ်စရာမရှိတော့ ဟိုက ယမမင်းက ငြိမ်နေလိုက်တယ်...(မှန်ပါ့ဘုရား)။

ငြိမ်နေလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ခုနင်က ပုဂ္ဂိုလ်ကို လက်မောင်းတစ်ဖက် နှစ်ယောက်စီ ငရဲထိန်းတွေက ဆွဲပြီးတော့ ရဲရဲပူတဲ့ သံပြားကြီးပေါ်မှာ အိပ်ခိုင်းတယ်...(မှန်ပါ့ဘုရား)။

http://www.thitsarparamisociety.com/


## ရဲရဲပူတဲ့ သံပြားပေါ်မှာ ဆွဲလှဲတယ်

ရဲရဲပူတဲ့ သံပြားကြီးပေါ်မှာ ဆွဲလှဲချပြီးသကာလ လက်တွေပေါ်မှာလည်း ရဲရဲပူတဲ့ သံပြားကြီးတွေနဲ့ သံမယ်နုကြီးတွေပေါ့ဗျာ...(မှန်ပါ့) ကျုပ်တို့လိုပြောတော့ သံချောင်းတွေနဲ့ လက်ဝါးကပ်တိုင် ရိုက်သလို ရိုက်တယ်...(မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ခံနိုင်ရည်ရှိပါ့မလား ...(မရှိပါ) ဒါငရဲ မကျသေးဘူး၊ ရှေးဦးစွာ အပြစ်သင့်တာ မေ့ပြစ်ကလေးတွေ ပြောတာ ...(မှန်ပါ့ဘုရား)။

ကဲ...ဦးသန်းမောင်တို့ ဒီလိုကျတော့ ခံနိုင်ရည်ရှိပါ့မလာ ...(မရှိပါဘုရား)။

အောက်ကလည်း သံပြားက ရဲရဲပူ...(မှန်ပါ့) အရောင်နဲ့ တကွ အခိုးမပါဘူးတဲ့...(မှန်ပါ့) အခိုးပါရင် ဖျော့နေမှာစိုးလို့ အရောင်နဲ့တကွ နီရဲနေတဲ့ အပေါ်မှာ ပက်လက်လှန်အိပ်ခိုင်းတယ် ...(မှန်ပါ့ဘုရား)။

## ဗိုက်ဖောက်ပြီး သံရိုက်တယ်

ပက်လက်လှန် အိပ်ခိုင်းတော့မှ ခြေဖဝါးရော လက်ဖဝါးရော ခြေထောက်မှာလည်း ခုနင်က နီနေတဲ့ သံချောင်းကြီးနဲ့ တပ်ပြီး ရိုက်တယ်...(မှန်ပါ့) လက်ဖဝါးတွေလည်း ရိုက်၊ အလယ်

http://www.thitsarparamisociety.com/


ဗိုက်ဖောက်ပြီး ရိုက်လိုက်၊ ငါးချက်ရိုက်ချတယ်...(မှန်ပါ့ဘုရား)။

ဦးမာဒင်ကြီး ဘယ့်နှယ်လုပ်သည်းခံမလဲ...(မခံနိုင်ပါ) ဒကာကြွယ် ဘယ့်နှယ်လုပ်ကြမလဲ...(သည်းမခံနိုင်ပါ) ဘာ အပြစ်သင့်လို့ ဒီအပြစ်ရောက်ပါလိမ့်...(မေ့ပြစ်ပါ) ဩော်... မမေ့ လိုက်ရင် တို့ ပြီးတော့မှာကိုး ...(မှန်ပါ့ဘုရား)။

မမေ့လိုက်ရင်...(ပြီးတော့မှာပါ) ရှင်းပလား ...(ရှင်းပါပြီ ဘုရား)။

မမေ့လိုက်ရင် သိပ်ကောင်းတယ်နော်...(မှန်ပါ့) မမေ့တာ ကြည့်ပါ၊ ဒီမှာပြနေတယ် ဒကာ ဒကာမတို့ မမေ့တာ ဝိဇ္ဇာလား အဝိဇ္ဇာလား ...(ဝိဇ္ဇာပါ) ဝိဇ္ဇာဆိုကတည်းက အဝိဇ္ဇာရှိသေးရဲ့ လား ...(မရှိပါ) မရှိကတည်းက ဒီသင်္ခါရကော...(မရှိပါ) ဒါက ရှိကတည်းက ဒီအပါယ်ခန္ဓာကိုယ် ပေါ်ပါဦးမလား ...(မပေါ်ပါ ဘုရား)။

## ဖြစ်ပျက်မြင်မှု အရေးကြီးတယ်

ဩော်...ဒါဖြင့် တို့သည် အရိယာမဂ္ဂ မမေ့မှု အရေးကြီး ပါလား ...(မှန်ပါ့) ဖြစ်ပျက်မြင်မှု အရေးကြီးတယ်...(မှန်ပါ့) ဖြစ်ပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်မြင်မှု...(အရေးကြီးပါတယ်) ကိုင်း ...ဒါ မမေ့တဲ့ ပုဂ္ဂိုလ်မြင်တာပဲ...(မှန်ပါ့ဘုရား)။

http://www.thitsarparamisociety.com/


သူ့ကျတော့လည်း သွားပါဆိုလို့ ဘယ်သူက တွန်းတွန်း မသွားရဘူး၊ အဝိဇ္ဇာသင်္ခါရက ပို့မှရောက်မှာကိုး ...(မှန်ပါ့) အဝိဇ္ဇာ ချုပ်တော့သင်္ခါရက ပို့နိုင်သေးရဲ့လား ...(မပို့နိုင်ပါဘုရား)။

သင်္ခါရကမှ မပို့နိုင်လို့ရှိရင် အပါယ်ဝိညာဏ် ခန္ဓာကြီး ခုနင်က သံပြားပူပေါ်အိပ်ပြီး၊ မယ်န ငါးချက်နက်တဲ့ အခြေအနေ ကော ရောက်စရာရှိသေးရဲ့လား...(မရှိပါဘုရား)။

ကဲ...ဦးမာဒင်တို့ ကျေနပ်ပလား ...(ကျေနပ်ပါပြီ) မေ့ပြစ် လေ ဘယ်လောက်ကြီးတယ်ဆိုတာ ...(ကြီးပါတယ်) ပေါ်ကြပ လား ...(ပေါ်ပါပြီဘုရား)။

## ငရဲခံရတယ်ဆိုတာ

ဒီတွင်မှ တစ်ခါတည်းသူ့ကို တစ်ခါ အင်မတန်ရဲရဲပူတဲ့ သံပြားကြီးတွေနဲ့ ကော်ပြီးတော့ သံမယ်နတွေ နတ်ပြီးသကာလ ဒကာ ဒကာမတို့ မီးတောင်ကြီးပေါ်မှာ နွားလုပ်မောင်းပြီး ဆင်း ချည်တက်ချည်ခိုင်းတယ်...(မှန်ပါ့) ဘယ်လောက်ကြောက်စရာ ကောင်းသတုံး ...(ကြောက်စရာကောင်းပါတယ်ဘုရား)။

## မီးတောင်ကြီးပေါ် ဆင်းချည် တက်ချည်

မီးတောင်ကြီးပေါ်မှာ နွားလုပ်ပြီးသကာလ နွားသဖွယ် ဒီတောင်ကြီးကို ဆင်းချည်တက်ချည်ခိုင်းတယ် ဒကာ ဒကာမတို့ ...(မှန်ပါ့) အောက်က မီးတောင်နော်...(မှန်ပါ့) အပေါ်က

http://www.thitsarparamisociety.com/


သူ့မောင်းနေတာက ငရဲသား ...(မှန်ပါ့) အဲဒီအပေါ်မှာ ဆင်းချည် တက်ချည် အလုပ်ခိုင်းပါတယ်...(မှန်ပါ့) လုပ်နိုင်ကြပါ့မလား ...(မလုပ်ပါ) ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူးဆိုတာ သေသေချာချာ မှတ်ပါ...(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ အခု သူတစ်ပါး မျက်စောင်းထိုးတာတော့ ရဲတယ်၊ အဲဒီအပြစ်ကျတော့ ခံနိုင်ကြပါ့မလား ...(မခံနိုင်ပါဘုရား)။

မှသားကလေး ဖုံးကာဖိကာတော့ ခင်ဗျားတို့က နှုတ်ချိုတာနဲ့ ဟုတ်သလိုလို ထင်ရငြားသော်လည်း ဒီမုသားပြစ်ကြောင့် အဲဒီရောက်မယ်ဆိုတော့ ဩော်...ပြောရတာနဲ့ ကာမိကြရဲ့လား ...(မကာမိပါ) ရှောင်ကြပါဆိုတာကို ဒီက သက်သေခံနေပါတယ် ...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

## ဆူးပင်ကြီးပေါ် တက်ခိုင်း ဆင်းခိုင်း

ဒီတွင် မကသေးပါဘူးတဲ့၊ ဒီတောင်ပေါ် တက်ချည် ဆင်းချည် ခိုင်းပြီးသည်၏ အခြားမဲ့၌တဲ့ ဒကာ ဒကာမတို့ လက်ပံပင်ကြီးကလည်း ဆူးကြီးတွေနဲ့ လက်ပံပင်က သန်လည်းသန်တယ်...(မှန်ပါ့) သန်လည်းသန်တော့ ဆူးက ၁၆–လက်မရှိတယ် ...(မှန်ပါ့) အဲဒါကြီးကို အောက်ကနေ လှံတွေနဲ့ထိုးပြီးသကာလ ကက်ဖြစ်အောင် တက်ခိုင်းတယ်...(မှန်ပါ့) ရင်ဘတ်ငြိ ပခုံးငြိပြီး

http://www.thitsarparamisociety.com/


သကာလ တစ်ခါတည်း ဒကာ ဒကာမတို့ အောက်ကလည်း ထိုးနေတော့ အတင်းတက်ရတာ...(မှန်ပါ့) သွေးရဲရဲ သံရဲရဲနဲ့ပဲ ရောက်သွားတာပဲ...(မှန်ပါ့ဘုရား)။

## ကျွမ်းထိုးမှောက်ခုံ ဆင်းခိုင်း

ရောက်သည်နဲ့တစ်ပြိုင်နက်တည်း အပေါ်ကနေ မြန်မြန် ဆင်းခဲ့ဆိုတဲ့ အမိန့်ပွာယ်နဲ့ ကျွမ်းထိုးမှောက်ခုံ ဆင်းခဲ့ရတယ်... (မှန်ပါ့ဘုရား)။

လုပ်နိုင်ကြပါ့မလား မေးလိုက်တယ်...(မလုပ်နိုင်ကြပါ) သံပင်ကြီးပေါ့နော်...(မှန်ပါ့) ရဲရဲပြောင်နေတဲ့ သံပင်ကြီးပါ ဒကာ ဒကာမတို့ ငရဲဆိုတာ ခါးစည်းခံလို့ မရပါဘူး ..(မှန်ပါ့ဘုရား)။

ခင်ဗျားတို့လည်း ခါးစည်းကြိုး ဘယ်သူမှ မပေးပါဘူး ...(မှန်ပါ့) ခင်ဗျားတို့ဟာ ခင်ဗျားတို့ ပါးစပ်က ငရဲခါးစည်းခံမယ် ပြောတာ အလကားပါ...(မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီ ဘုရား)။

## ဖြစ်ပျက်မြင်ရင် ငရဲမီးသိမ်းတယ်

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အရင်းအနှီး တွေမို့ သြော်...အပါယ်လေးပါး တံခါးပိတ်ရင် တော်ပြီနော်... (မှန်ပါ့) မမေ့ရင် ပိတ်တာပဲဆိုတာကော ရိပ်မိကြပလား ...(ရိပ်မိ ပါပြီဘုရား)။

http://www.thitsarparamisociety.com/

ခန္ဓာကိုယ် တစ်ချက်တည်း ဖြစ်ပျက်ကလေးမြင်လိုက်လို့ ရှိရင် ခင်ဗျားတို့ ငရဲမီးသိမ်း၍ ငရဲအိုး ကုန်ပါတယ်...(မှန်ပါ့) ငရဲမီးငြိမ်းရင်ငရဲအိုးသိမ်းပါတယ်...(မှန်ပါ့) လုပ်ဖြစ်အောင် လုပ်စမ်းပါ...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

## ဘင်ပုပ်ငရဲဆိုတာ

ဒါနဲ့ ဒီကနေ မပြီးသေးဘူး၊ ဒီက ဆင်းလာပြီးသကာလ ဘင်ပုပ်ငရဲလို့ တစ်ခါတွေ့တယ်...(မှန်ပါ့) ဘင်ပုပ်ငရဲဆိုတာက ဒကာ ဒကာမတို့ အပ်အသွားရှိတဲ့ ပိုးကောင်တွေက အသားတွေ ဖောက် အကြောတွေဖြတ်ပြီး ရိုးတွင်းချဉ်ဆီကို စုပ်ပြီးစားတယ်... (မှန်ပါ့) အဲဒီအထဲမှာ လွှတ်ပေးလိုက်တယ်...(မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ နေရဲပါ့မလား ...(မနေရဲပါ) စိတ်မှ ကူးရဲပါ့မလား ...(မကူးရဲပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာက ဘာဖြစ်အောင် လုပ်ရမလဲ...(ဝိဇ္ဇာဖြစ် အောင် လုပ်ရပါမယ်) မေ့မှုက မမေ့မှုဖြစ်အောင်သာ လုပ်လိုက်... (မှန်ပါ့)။

## အနိစ္စမြင်ရင် အကုန်သွားတယ်

မေ့မှုက...(မမေ့မှုဖြစ်အောင် လုပ်ရပါတယ်) ဘယ်သူ့ အပေါ်မှာ မမေ့ရပါလိမ့်...(ခန္ဓာအပေါ်မှာပါဘုရား) ခန္ဓာပေါ်မှာ ဖြစ်ပျက်ကို မမေ့လိုက်ပါနဲ့...(မှန်ပါ့) အနိစ္စတစ်ချက်မြင်ရင်

အကုန်သွားတယ်...(မှန်ပါ) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

အနိစ္စတစ်ချက် မြင်ကတည်းက ဒကာ ဒကာမတို့ ဝိပဿနာမဂ်က သေချာပြီ...(သေချာပြီ) အဲဒီ အနိစ္စကို ဆုံးအောင် လုပ်လိုက်လို့ရှိရင် လောကုတ္တရာမဂ်ဖြစ်တော့ "စတူဟာ ပါယေ ဟိစ ဝိပ္ပမုတ္တော" ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟော တယ်...(မှန်ပါဘုရား) တကယ် မင်းတို့ ဒုက္ခသာ ချုပ်အောင်ရှု နိုင်လို့ရှိရင် မင်းအပါယ်လေးပါးဟာကွ မင်းအတွက် အကုန် သိမ်းတယ်...(မှန်ပါဘုရား) ဆိုတော့ ဦးမာဒင်တို့, ဦးသန်းမောင် တို့, ဦးဘထွေးတို့ အရိုးကျေကျေ အရေခြောက်ခြောက် လုပ်... (မှန်ပါ) သဘောကျပလား ...(ကျပါပြီ)။

## မလျှော့ကြပါနဲ့ အချိန်မီသေးလို့ပါ

ဘာလုပ်ရမလဲ...(အရိုးကျေကျေ အရေခြောက်ခြောက် လုပ်ရပါမယ်ဘုရား) မလျှော့ကြပါနဲ့ဆိုတာ သတိပေးလိုက်ပါ တယ်...(မှန်ပါ) အချိန်မီသေးလို့ပါ...(မှန်ပါ) မမီတဲ့ ပုဂ္ဂိုလ်များ အတွက် ဘုန်းကြီးများ ဘယ်လိုမှသတိမပေးနိုင်တော့ပါဘူး ... (မှန်ပါဘုရား) ဟိုမှာ ရောက်ရာမှာဖြင့် အမောင် ဒုက္ခရောက် မယ်...(မှန်ပါ)။

http://www.thitsarparamisociety.com/

## အရှင်လတ်လတ် ခံရတယ်

အဲဒါ ပြောပါရစေဦး၊ အရှင်ခံရသလား ...အသေခံရသလား လို့ မေးတော့ ဒကာ ဒကာမတို့ ...ဒီက အဝိဇ္ဇာမချုပ်သ၍ ကာလပတ်လုံး ဟိုမှာ အရှင်ချည်းဖြစ်နေတယ်...(မှန်ပါ့ဘုရား) မီးလောင်လည်း မသေဘူး ...၊ လှံနဲ့ထိုးလည်း မသေဘူး၊ သံမယ်နတွေရိုက်လည်း မသေဘူး ...(မှန်ပါ့ဘုရား) ကဲ ဘယ်လောက် ကြောက်စရာကောင်းသလဲ...(ကောင်းပါတယ်ဘုရား)။

ဩော်...ငါးကြော်လိုပဲ သေပြီးမှ အကြော်ခံရရင်တော့ အရေးမကြီးပါဘူး ...(မှန်ပါ့) ဒီဆိုလိုရင် ဘယ်သူဖြစ်ဖြစ် ခံရဲတာပေါ့၊ သေပြီးမှ အကြော်ခံရတာကိုး ...(မှန်ပါ့)။

အခုတော့ မဟုတ်ဘူး ...တဲ့၊ ဒီအထဲမှာ ဖျတ်ဖျတ်လူးပြီး အကြော်ခံရတာ...(မှန်ပါ့) သေပါတော့လားဆိုတော့ မသေနိုင်ဘူးတဲ့၊ ဒီက အဝိဇ္ဇာက ကျေးဇူးပြုတယ်...(မှန်လှပါ)။

## ခန္ဓာဆက်ဆက်ပြီး လုပ်ပေးတယ်

အဝိဇ္ဇာက တိုတိုပြောတော့ အဝိဇ္ဇာက ဟိုမှာ ခန္ဓာဆက်ဆက်ပြီး လုပ်ပေးနေတယ်...(မှန်ပါ့) အဝိဇ္ဇာမချုပ်လို့ ဖြစ်ရတာ ...(မှန်ပါ့) ဒါဖြင့် အဝိဇ္ဇာချုပ်ဖို့အရေး ဘုန်းကြီးက သတိပေးပါတယ်...(မှန်ပါ့ဘုရား)။

http://www.thitsarparamisociety.com/

ဒကာ ဒကာမတို့ ဟိုမှာ အရှင်ခံစရာ ရှိသေးရဲ့လား ... (မရှိပါဘုရား) အဝိဇ္ဇာမချုပ်လို့ အဝိဇ္ဇာသင်္ခါရ, သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပြီး ဟိုမှာ အရှင်ဖြစ်နေတယ်...(မှန်ပါ)။

ဒီက အဝိဇ္ဇာသာ ချုပ်လိုက်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သင်္ခါရလည်းမရှိ၊ ဒီဝိညာဏ်ကော ပေါ်ပါဦးမလား ...(မပေါ်ပါ ဘုရား)။

## ကိုယ့်အရေးကို သိပြီးလုပ်ပါ

အဲဒါကြောင့် အခုချုပ်ရင် အခု ဒီအပါယ်တံခါးပိတ်တယ် ...(မှန်ပါဘုရား) လုပ်ဖြစ်အောင် လုပ်ပါဆိုတာ ဘုန်းကြီးက တိုက်တွန်းမှ စောင့်ရမှာလား၊ ကိုယ့်အရေးကိုယ်သိပြီး လုပ်ရမှာလား ...(ကိုယ့်အရေး ကိုယ်သိပြီး လုပ်ရမှာပါဘုရား)။

ကြိုးစားကြစမ်းပါဆိုတာ လေးစားစွာနဲ့ပဲ တိုက်တွန်းနေတယ်...(မှန်ပါဘုရား)။

ဒါနဲ့ပဲ ဒီနေရာထဲမှာ နေပြန်တော့လည်း မပြီးသေးတာနဲ့ ...ဦးမာဒင်ရေ...ငါးမျှားချိတ်ကြီးနဲ့ ဆွဲပြီး ပြန်တင်တာပဲ... (မှန်ပါဘုရား)။

## မီးတောက်ထဲ ပစ်ထည့်တယ်

တင်ပြီးသကာလ ယူဇနာတစ်ရာရှိတဲ့ သံတံတိုင်းကြီးတွေခတ်ထားတဲ့အထဲ, မီးဟုန်းဟုန်းတောက်တဲ့အထဲ ပစ်ထည့်တယ်...(မှန်ပါ့ဘုရား)။

တစ်ခါတလေ အရှေ့တံခါးကပွင့်လို့ အရှေ့ဘက်ပြေးပါတော့မယ်ဆိုရင်ဖြင့် ...ခြေထောက်တွေ,လက်တွေ အကုန်မီးလောင်ပြီး ဒီမှာလည်း မီးလောင်ခံပြီးလည်း ဟိုဘက်လွတ်အောင် ပြေးရသေးတယ်၊ သူရောက်သည်နဲ့ တံခါးပြန်ပိတ်တယ် ...(မှန်ပါ့ဘုရား)။

## မီးလောင်ခံပြေးရတယ်

တံခါးပြန်ပိတ်ပြီး အနောက်တံခါးက ပွင့်ပြန်တော့ အနောက်ဘက် ပြေးပြန်တော့ လမ်းမှာ မီးလောင်ခံပြေးရတာပဲ... (မှန်ပါ့)။

ဟိုမှာလည်း သူရောက် ပိတ်ပြန်တာပဲ...(မှန်ပါ့)။

ဒီလိုကော နေရဲကြပါ့မလား...(မရဲပါဘုရား) ဒါဘယ်သူ့ကြောင့်ဆိုတာကော လက်သည်တွေ့ပလား ...(တွေ့ပါပြီဘုရား) မေ့ပြစ်...(မှန်ပါ့)။

http://www.thitsarparamisociety.com/


ဒကာ ဒကာမတို့ ဘာတဲ့...(မေ့ပြစ်ပါဘုရား) ဘယ်သူ့အပေါ်မှာ မေ့တာတုံး ...(ခန္ဓာပေါ်မှာ မေ့တာပါဘုရား) ခန္ဓာအပေါ်မှာ အနိစ္စရှိလျက်နဲ့ အနိစ္စမသိ...တဲ့ မေ့ပြစ်...(မှန်ပါ့)

## ဒုက္ခမရှုဖြစ်တဲ့ မေ့ပြစ်

ဒုက္ခ ရှိလျက်နဲ့ ဒုက္ခမရှုဖြစ်တဲ့ မေ့ပြစ်...(မှန်ပါ့ဘုရား) အနတ္တရှိလျက်နဲ့ အနတ္တမရှုဖြစ်တဲ့ ...(မေ့ပြစ်ပါဘုရား) တယ်လည်း ကြောက်စရာကောင်းပါလား ...(ကောင်းပါတယ်ဘုရား) သဘောပါကြပလား ... (ပါပါပြီဘုရား)။

ဒီကနေပြီးသကာလ တက်လာပြန်တော့...ဒီအထဲမှာ မသေလည်း မီးလောင်ခံပြီး ပြေးရကာမှ တစ်ခါငရဲသားတွေက ဆွဲတင်ပြီးသကာလ အမောင် ဘာများစားချင်သလဲလို့ မေးပြန်တယ်...(မှန်ပါ့) ကျွန်တော် ထမင်းမစားရတာကြာပါပြီဆိုတော့ ကဲ....ကဲ...လှဲအိပ်ဆိုပြီးတော့ သံပြားပေါ်မှာလှဲပြီး ဒကာ ဒကာမတို့ အင်မတန် ရဲရဲပူတဲ့ သံချွန်ကြီးတွေနဲ့ ပါးစပ်ဖြဲတယ်...(မှန်ပါ့)။

## ပါးစပ်ထဲ သံတွေ ခဲတွေလောင်း

ပြီးတော့မှ သံတွေခဲ ရဲရဲကြီးတွေ ပါးစပ်ထဲ လောင်းထည့်တယ်...(မှန်ပါ့ဘုရား)။

သံတွေခဲ ရဲရဲကြီးတွေ လောင်းထည့်တဲ့အခါ ပါးစပ်လောင် အူလောင်ပြီး ဒွါရပေါက်က ထွက်တယ်...(မှန်ပါ့)။

http://www.thitsarparamisociety.com/


ဘယ်လောက်ကြောက်စရာကောင်းသတုံး ...(ကောင်းပါတယ်ဘုရား) ဘယ်သူလုပ်တဲ့ လက်ချက်ပါလိမ့် ဒကာ ဒကာမတို့ ...(အဝိဇ္ဇာလက်ချက်ပါဘုရား) မေ့ပြစ်လေဗျာ...(မှန်ပါဘုရား)။

ဒကာသစ် ဘာတဲ့...(မေ့ပြစ်ပါဘုရား) ဒါကြောင့်ဘုန်းကြီးတို့ သတိပဋ္ဌာန်ဆိုတာ မမေ့တာ...(မှန်ပါ) မမေ့တာဟာမေ့ပြစ်ကို ကယ်တင်မယ်...(မှန်ပါ) ရှင်းကြပလား ...(ရှင်းပါပြီ)။

## ဘုရားကိုယ်တော်တိုင် မြင်ပြီးပြောတာ

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သားရေး, သမီးရေး, စီးပွားရေး အသာထားစမ်းပါဦးတဲ့၊ ကိုယ့်အရေး ကိုယ်ကယ်တင်စမ်းပါဆိုတဲ့ မမေ့မှု အလုပ်ကလေးကို နေ့တိုင်းပေးနေတယ်၊ ကြိုးစားပါ ကြိုးစားပါ၊ သူများပြော, လူများပြောကို မယုံနဲ့ ဘုရားက ငါကိုယ်တိုင်မြင်ပြီး ပြောတာဆိုတာ ဧကန်ယုံပါ... (မှန်ပါ)။

သူများပြော, လူများပြော ဟိုမှာ ငရဲခဏ်းကြီးရေးထားတာ မယုံပါနဲ့ ...(မှန်ပါ)။

အခု ကိုယ်တော်မြတ်ကြီးက ငါဘုရားဖြစ်တဲ့နေ့ကစပြီး ...ငါ အိမ်နှစ်ခုကြားမှာ နေတာပါတဲ့၊ တက်တဲ့လူလည်း ငါမြင်ပါတယ်ကွ...တဲ့၊ ဆင်းတဲ့လူလည်း ငါမြင်ပါတယ်...(မှန်ပါ

http://www.thitsarparamisociety.com/



ဘုရား) ဆင်းတဲ့လူ ငရဲသွားတာလည်း ငါမြင်တယ်၊ တက်တဲ့လူ သုဂတိသွားတာလည်း ငါမြင်တယ်...(မှန်ပါ့) သူများပြောသံကြားနဲ့ ပြောတာမဟုတ်ဘူး ...(မှန်ပါ့) သူများပြောသံကြားနဲ့ ပြောတာမဟုတ်ဘူး ...၊ ငါ့မျက်လုံးဆိုတဲ့ ဒိဗ္ဗစက္ခုနဲ့ မြင်ပြီး ပြောတာပါဆိုတော့ ဦးသန်းမောင် မယုံစရာမရှိပါဘူး ...(မရှိပါဘုရား) ဦးဘထွေး ဘယ့်နှယ်တုံး ...(မယုံစရာ မရှိပါဘုရား)။

## ဘုရားပြောတာ ယုံလိုက်ပါ

အဲဒါကြောင့် ခင်ဗျားတို့ သားတွေ၊ မယားတွေနဲ့ အိမ်နီးချင်းတွေနဲ့ ပတ်ဝန်းကျင်တွေနဲ့ အစိုးရတွေနဲ့ တိုင်းပြည်လူညှ်စားတာနဲ့ တော်လောက်ပြီဆိုပြီး မယုံပါနဲ့၊ ကိုယ့်အရေး ကိုယ်ကြိုးလိုက်စမ်းပါ...(မှန်ပါ့)။

သူများပြောတာကို မယုံနဲ့ ဘုရားက ကိုယ်တိုင်ပြောတာကို ယုံလိုက်ပါ...(မှန်ပါ့) မမေ့တာ ဘယ်လောက်အဖိုးတန်တယ်ဆိုတာ ရိပ်မိပလား ...(ရိပ်မိပါပြီ)။

ဟောဒီ မမေ့တော့ သူကလည်း ဝိဇ္ဇာဖြစ်ပါရော ... ဖြစ်ပျက်မြင်တဲ့ ဝိဇ္ဇာဖြစ်တယ်...(မှန်ပါ့) ဝိဇ္ဇာဖြစ်ရင် သင်္ခါရက ချုပ်သွားတယ်...(မှန်ပါ့)။

အပါယ်သွားစရာ ဝိညာဏ်ပေါ်ဦးမလား ...(မပေါ်ပါဘုရား) မမေ့တဲ့သတ္တိ တယ်အဖိုးတန်ပါလားဆိုတာ ပေါ်လာ

http://www.thitsarparamisociety.com/


တယ် ...(ပေါ်လာပါတယ်) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဩော်...ဒါဖြင့် သတိပဋ္ဌာန်ပါဠိတော် ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတို့ ဘုရားအဆူဆူ မစွန့်ဘူးဆိုတာ အပါယ်လေးပါး ပိတ်တဲ့တရားမို့...(မှန်ပါ့) ဘုရားပွင့်လာပြန်ရင် သူဟောရပြန်ပြီ ...(မှန်ပါ့) မမေ့တဲ့ တရားပဲ ဟောရတယ်...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

## ပါးစပ်ထဲ ကြေးရည်ပူတွေလောင်းတယ်

ကိုင်း ...ဒါနဲ့ပဲ ဒကာ ဒကာမတို့ ဒီလိုနဲ့ပဲ အမောင် ဘာ ဆာပြန်သတုံး မေးပြန်တယ်...(မှန်ပါ့) ဘာ ဆာပြန်သတုံး မေးတော့ ကျွန်တော် ရေမသောက်ရတာ ကြာပါပြီဆိုတော့လည်း ဒကာ ဒကာမတို့ ကြေးရည်ပူတွေ ယူလာပြီး လောင်းပြန်တယ် ပါးစပ်ထဲ ဖြဲလောင်းတာပဲ...(မှန်ပါ့) ပါးစပ်လောင်၊ အထဲက အူသိမ် အူမတွေလောင်၊ ဒွါရပေါက်က ထွက်သွားတာပဲ ဒကာ ဒကာမတို့ ...(မှန်ပါ့) စ,စရာ ပါ,ပါရဲ့လား ...(မပါ,ပါ) ခံနိုင်ရည် ရှိပ့ါမလား ...(မရှိပါ) ခါးစည်းကြိုးပေးရဦးမလား ...၊ ပေးလည်း မရပါဘူး ...၊ ခါးစည်းကြိုးပေးရင် ရိပ်မိပလား ...(ရိပ်မိပါပြီ ဘုရား)။

မရပါဘူး ဒကာ ဒကာမတို့ ခင်ဗျားတို့ ဒေါသအလိုက်က အပါယ်များ ကျုပ်မကြောက်ဘူး ...၊ မင်းတို့နဲ့ ဖြစ်ရလို့ရှိရင်

http://www.thitsarparamisociety.com/



အပါယ်ကို ငါ ခါးစည်းခံမယ် ကိစ္စမရှိဘူးတဲ့...(မှန်ပါ) ဒီလို ဒေါသအလိုက် ပြောငြားသော်လည်း ခါးစည်းကြိုးပေးမည့်လူ လဲ မရှိပါဘူး ...(မရှိပါဘုရား) ရှင်းပလား ...(ရှင်းပါပြီ)။

ခါးစည်းကြိုး မရှိလို့ရှိရင် ကယ်မည့် ယူမည့်တရားဖြင့် အရိယာမဂ္ဂပဲ ရှိတယ်...(မှန်လှပါဘုရား) ရှင်းကြပလား ...(ရှင်း ပါပြီဘုရား)။

## အရိယာမဂ္ဂ လုပ်ရမယ်

ဒါဖြင့် ဘာလုပ်ရပါလိမ့်...(အရိယာမဂ္ဂ လုပ်ရပါမယ်)။

ဒါနဲ့ ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး က ဟောတယ်၊ ဘယ်လို ဟောလိုက်သတုံးဆိုလို့ရှိရင် ဒကာ ဒကာမတို့ အရိယာမဂ္ဂတွေ မင်းတို့ မေ့နေလို့ရှိရင်ဖြင့်ကွာ...တဲ့၊ ဒီ အပါယ်၄ရဲ့ဟာဖြင့် မင်းတို့အိမ်သာမှတ်တော့ ...(မှန်ပါဘုရား)။

## အပါယ်၄ရဲ့ဟာ မင်းတို့အိမ်သာမှတ်

အရိယာမဂ္ဂ မေ့ရင် အပါယ်၄ရဲ့ဟာ...(တပည့်တော်တို့ အိမ်ပါဘုရား) မင်းတို့အိမ်သာ မှတ်တော့ဆိုတော့ ...ဒကာ ဒကာမ တို့ အရိယာမဂ္ဂ မေ့သင့်ပါ့မလား ...(မမေ့သင့်ပါဘုရား)။

အဲဒါ ဘုန်းကြီးက အဖိုးတန်အောင် ပြောတယ်လို့ မယူ ကြပါနဲ့နော်...(မှန်ပါဘုရား)။

http://www.thitsarparamisociety.com/


ဒကာကြီးတို့ ဒကာမကြီးတို့ ဆေးရှိငြားသော်လည်း အိမ်နားမှာ အပင်ပေါက်နေငြားသော်လည်း ကိုယ့်မှာ ဝေဒနာ ဖြစ်ငြားသော်လည်း အိမ်နားမှာလည်း ဆေးပင်ရှိငြားသော်လည်း ဆေးပင်မသိရင် ဒီလူ ဒီဝေဒနာနဲ့သေမယ်...(မှန်ပါ့)။

## ဆေးပင်ရှိလျက် ဆေးပင်မှန်းမသိလို့

အိမ်နားမှာတော့ ဆေးပင်ရှိတယ်...(မှန်ပါ့) သို့သော် ... ဆေးအဖြစ် သောက်လိုက်ရင် ပျောက်တယ်ဆိုတာ သူမသိတော့ ဒကာ ဒကာမတို့ ဘယ်နည်းနဲ့မှ ဒီဝေဒနာရှင် သက်သာခွင့်ရပါ့ မလား ...(မရပါဘုရား)။

သူ့အိမ်နားမှာ ဆေးပင်ရှိလျက်သားနဲ့ ဘာဖြစ်လို့ ဒီ ဝေဒနာ မသက်သာဘဲနဲ့ သေပွဲဝင်ရသတုံး မေးလို့ရှိရင်ဖြင့် ဆေးပင်ရှိလျက် ဆေးပင်မှန်းမသိဘူး ...(မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဆေးပင်တော့ ...(ရှိပါတယ်ဘုရား) လူနာရှင်က ဘာ မသိပါလိမ့် ...(ဆေးပင်မှန်း မသိပါဘုရား)။

အဲဒီတော့ သာသနာပ ဆိုရင် ဝိဇ္ဇာဖြစ်တဲ့ ဆေးပင်ကို ဘယ်သူမှ ရှာမသွားနိုင်ဘူး ...(မှန်ပါ့ဘုရား)။

ဝိဇ္ဇာဖြစ်တဲ့ ဆေးပင်ကို...(ဘယ်သူမှ ရှာမသွားနိုင်ပါ ဘုရား) အဲ...ဟောမည့်သူ ဘုန်းကြီးများ ရှိသေးတယ်...(မှန်ပါ့

http://www.thitsarparamisociety.com/



ဆရာတော်, သမားတော်တွေ ရှိသေးတယ်...(မှန်ပါ့)။

## ဘုန်းကြီးတို့ တစ်သက်နှစ်သက်

အဲဒီတော့ အိမ်နားတွင် ပေါက်တဲ့ ဆေးပင်ဟာ ဆေးမှန်း သိလို့သောက်ရင် ရောဂါပျောက်ပါလိမ့်မယ်...(မှန်ပါ့ဘုရား) နောက် ဘုန်းကြီးတို့ တစ်သက်နှစ်သက် ဆိုသလိုပေါ့ဗျာ သာသနာကွယ်သွားတော့ ဦးမာဒင် ဒီဆေးပင်ဟာ အနာရှိငြား သော်လည်း ဘယ့်နှယ်တုံး ...(မသိပါဘုရား) ဝေဒနာရှင်က ဆေးပင်လို့ သိပါ့မလား ...(မသိပါဘုရား)။

အဲဒီတော့ စာအုပ်တွေ ဘယ်လိုတင်တင်၊ ကျောက်စာ တွေ ဘယ်လိုထုထားခဲ့ ထားခဲ့ ဆေးပင်မှန်း မသိဘူး ...(မှန်ပါ့) သိပါ့မလား ...(မသိပါဘုရား)။

အခုလို လက်ထပ်ပြုပြီးသကာလ လက်ထပ်ပြောနေ တုန်းကို ခင်ဗျားတို့ မြန်မြန်ပြီးအောင်လုပ်လိုက်...(မှန်ပါ့) ရှင်း ပလား ...(ရှင်းပါပြီဘုရား)။

ကိုင်း ...ဒါဖြင့် အလုပ်လုပ်မှ ရမယ်ဆိုတာလည်း ပေါ်ကြ ပြီ...(ပေါ်ပါပြီဘုရား)။

http://www.thitsarparamisociety.com/


## အလုပ်လုပ်မှ ဝိဇ္ဇာဖြစ်တယ်

ဘာလုပ်ရမယ်...(အလုပ်လုပ်မှ ရပါမယ်ဘုရား) အလုပ်လုပ်မှ ဝိဇ္ဇာဖြစ်တယ်...(မှန်ပါ့) အလုပ် မလုပ်လို့ရှိရင် ...(ဝိဇ္ဇာမဖြစ်ပါဘူး) ဝိဇ္ဇာမဖြစ်ဘူးဆိုတာ သေချာပလား ...(သေချာပါပြီဘုရား)။

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ အလုပ်လုပ်မှ ဖြစ်မှာဖြင့် တိုတိုပဲ ပြောကြပါစို့၊ ကဲ...နာရီက ပိုသွားလို့ ...(မှန်ပါ့) ဒကာ ဒကာမတို့ သူတစ်ပါးစိတ် အကဲခတ်ရတာနဲ့ ကိုယ့်စိတ် အကဲခတ်ရတာနဲ့ ဒကာကြွယ်, ဒကာသစ် ဘယ်ဟာက လွယ်သတုံး ...(ကိုယ့်စိတ်အကဲခတ်ရတာက လွယ်ပါတယ်ဘုရား)။

ဟုတ်ကြရဲ့လား ဒကာ ဒကာမတို့ ...(ဟုတ်ပါတယ်ဘုရား) သူများစိတ် အကဲခတ်ရတာက မှားတယ်ရှိ...မှန်တယ်ရှိ ...(မှန်ပါ့ဘုရား) ကိုယ့်စိတ်အကဲခတ်ရတာကတော့ ...(မှန်ပါတယ် ဘုရား) အမှန်ချည်းပဲဆိုတာ သေချာပလား ...(သေချာပါပြီ) သဘောကျပြီနော်...(ကျပါပြီ)။

## ကိုယ့်စိတ်ကိုယ် အကဲခတ်

ဒါဖြင့် ကိုယ့်စိတ်ကို ပဌမစိတ်ကို ရှိ မရှိ နောက်စိတ်နဲ့ အကဲခတ်ပါ...(မှန်ပါ့) ၁-နံပါတ်ကို ၂-နဲ့ အကဲခတ်...(မှန်ပါ့ဘုရား)။

http://www.thitsarparamisociety.com/


၁–နံပါတ် ...(၂–နဲ့ အကဲခတ်ရပါမယ်ဘုရား) ကဲ... လောဘစိတ်က အရင်ဖြစ်တယ်၊ ရှိ–မရှိ မဂ်နဲ့ အကဲခတ်လိုက်... (မရှိပါဘုရား)။

မရှိတော့ မရှိတာကို အနိစ္စ၊ အကဲခတ်တာက မဂ္ဂပဲ... (မှန်ပါ့ဘုရား)။

## မရှိတာ အနိစ္စ၊ သိတာက မဂ္ဂ

ဒေါသစိတ်ကလေး ဖြစ်လာတယ်၊ ရှိ–မရှိ အကဲခတ်စမ်း ...(မရှိပါဘုရား) မရှိတာက...(အနိစ္စပါဘုရား) သိတာက... (မဂ္ဂပါဘုရား) မဂ္ဂဆိုရင် ဝိဇ္ဇာဖြစ်ပြီ...(မှန်ပါ့) အဝိဇ္ဇာချုပ်ပြီ... (မှန်ပါ့) မချုပ်သေးဘူးလား ...(ချုပ်ပါပြီဘုရား) ဒီအပါယ်သွား စရာ ရှိသေးရဲ့လား ...(မရှိပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အချိန်ကလည်း ကုန်သွားလို့ ကိုယ့်စိတ်ကိုယ် အကဲခတ်တာ မဂ္ဂင်...(မှန်ပါ့)။

ကိုယ့်စိတ်ကိုယ် အကဲခတ်တာ...(မဂ္ဂင်ပါဘုရား) ကိုယ့်စိတ် အကဲခတ်တဲ့အခါကျလို့ရှိရင် လောဘစိတ်ဖြစ်ရင်လည်း နောက်က အကဲခတ်၊ ဒေါသဖြစ်ရင်ကော...(အကဲခတ်ရပါမယ်ဘုရား) မောဟကလေးဖြစ်ရင်ကော...(အကဲခတ်ရပါမယ် ဘုရား) အိပ်ချင်တဲ့ စိတ်ကလေး ဖြစ်နေရင်ကော...(အကဲခတ်ရ

http://www.thitsarparamisociety.com/


ပါမယ်ဘုရား)။

## ဝိပဿနာ ဖြစ်ပါတယ်

အဲဒါ ဘယ်သူဟောသတုံးဆိုတော့ ရှင်သာရိပုတ္တရာနဲ့ ဘုရားဟောတယ်...(မှန်ပါ့) ရှင်သာရိပုတ္တရာရော, ဘုရားရော၊ ဟော့ကွာ...တဲ့၊ ဝိပဿနာဆိုတာ အလွယ်ကလေးပါ...(မှန်ပါ့ ဘုရား) ကိုယ့်စိတ်ကိုယ် အကဲခတ်တတ်လို့ရှိရင် ဝိပဿနာ ဖြစ်ပါ တယ်...(မှန်ပါ့)။

## အိပ်ချင်တဲ့စိတ်

ကိုယ့်စိတ်ကိုယ် အကဲခတ်တတ်ရင်...(ဝိပဿနာဖြစ်ပါ တယ်ဘုရား) သဘောကျပလား ...(ကျပါပြီ)။

ဘာပြုလို့တုန်းဆိုတော့ ဒကာ ဒကာမတွေ အိပ်ချင်တဲ့ စိတ်ကလေးလာတယ်၊ အင်း ...ဒါ, ဘာပါလိမ့်မတုံးလို့ အကဲ ခတ်လိုက်စမ်း ...(မှန်ပါ့)။

## အကဲခတ်တဲ့ စိတ်

အကဲခတ်လိုက်တဲ့အခါကျတော့...အကဲခတ်တဲ့စိတ်သာ ရှိတော့တယ်၊ အိပ်ချင်တဲ့စိတ် ရှိသေးရဲ့လား ...(မရှိပါဘုရား)။

ဟာ ...ခုနင်က အိပ်ချင်တာ မရှိတော့ဘူးဆိုတော့ မရှိတာ အနိစ္စ၊ အကဲခတ်တာက မဂ္ဂဝိဇ္ဇာ...(မှန်ပါ့) မဂ္ဂဝိဇ္ဇာ မဖြစ်ဘူးလား

http://www.thitsarparamisociety.com/



...(ဖြစ်ပါတယ်ဘုရား)။

## ပျံ့လွင့်တဲ့စိတ်

စိတ်ကလေးက ပျံ့လွင့်တယ်၊ ပျံ့လွင့်တဲ့ စိတ်ကလေး ရှိသေးလား အကဲခတ်စမ်း ...(မရှိပါဘုရား) မရှိတာ ဘာခေါ်မယ် ...(အနိစ္စပါဘုရား) သိတာက ...(မဂ္ဂပါဘုရား)။

မရှိမှန်း သိတာက မဂ္ဂဆိုတော့ ဦးမာဒင် မလွယ်လား ...(လွယ်ပါတယ်ဘုရား) ကဲ...ဦးဘထွေးတို့ ဘယ့်နှယ်တုံး ...(လွယ်ပါတယ်ဘုရား)။

## အကဲခတ်ရမယ်

ဘာ အကဲခတ်ရမှာတုံး ...(မရှိတာ အကဲခတ်ရပါမယ် ဘုရား) ကိုယ့်စိတ်ကိုယ် အကဲခတ်ရမယ်...(မှန်ပါ့)။

ကိုယ့်စိတ်က ရှေ့နားက၊ အကဲခတ်တာက နောက်က မဂ္ဂ...(မှန်ပါ့)။

ကိုယ့်စိတ်က အနိစ္စ...(မှန်ပါ့) အကဲခတ်တာက...(မဂ္ဂပါ ဘုရား)။

http://www.thitsarparamisociety.com/


## စိတ်ပေါ်တိုင်း ပေါ်တိုင်း အကဲခတ်

ဒါဖြင့် ကိုယ့်စိတ် ပေါ်တိုင်း, ပေါ်တိုင်း အကဲခတ်၊ ရှူတဲ့ စိတ်လာလည်း ရှိ–မရှိ အကဲခတ်၊ ရှိုက်တဲ့စိတ်လာကော...(ရှိ–မရှိ အကဲခတ်ရမှာပါဘုရား) စားချင်တဲ့စိတ်လာရင်ကော...(ရှိ–မရှိ အကဲခတ်ရမှာပါဘုရား)။

အကဲခတ်တော့ ဘာတွေ့သတုံး ...(မရှိတာတွေ့ပါတယ်) မရှိတာတွေ့တော့ မရှိတာက ဘာခေါ်မယ်...(အနိစ္စပါဘုရား) အင်း ...အကဲခတ်တာဟာ...(မဂ္ဂပါဘုရား)။

## ကိုယ့်ခန္ဓာပျက်တာ ကိုယ်သိတယ်

ဒီလိုချည်းဆိုတော့ ဒကာ ဒကာမတို့ ကိုယ့်ဝိညာဏ်က ခန္ဓာပျက်တာ ကိုယ်သိတယ်...(မှန်ပါ့)။

ဒါဖြင့် ကိုယ့်ခန္ဓာကြီးဟာ အနိစ္စခန္ဓာဆိုတာ သူများပြော လား ...ကိုယ့်ဟာကိုယ် အကဲခတ်တာနဲ့ သိတာလား ...(ကိုယ့် ဟာ ကိုယ်အကဲခတ်တာနဲ့ သိတာပါဘုရား)။

ဒါဖြင့် အကဲခတ်တာနဲ့ သိတော့ မသိတာက အဝိဇ္ဇာ၊ သိတာက ...(ဝိဇ္ဇာပါဘုရား) ဝိဇ္ဇာမဖြစ်ဘူးလား ...(ဖြစ်ပါတယ် ဘုရား)။

http://www.thitsarparamisociety.com/


## ဝိဇ္ဇာဖြစ်တော့ အဝိဇ္ဇာချုပ်တယ်

ဝိဇ္ဇာဖြစ်တော့ အဝိဇ္ဇာက မချုပ်ဘူးလား ...(ချုပ်ပါတယ်) အဝိဇ္ဇာချုပ်တော့ သင်္ခါရကကော...(ချုပ်ပါတယ်) သင်္ခါရချုပ်တော့ကို ဒကာ ဒကာမတို့ ဒီခန္ဓာတွေကကော...(ချုပ်ပါတယ်ဘုရား)။

အဲဒီ ဝိဇ္ဇာတစ်လုံး ဖြစ်လိုက်လို့ရှိရင် ဝိဇ္ဇာဖြစ်ကတည်းက ဒိဋ္ဌိကော ရောချုပ်တယ်...(မှန်ပါ့) တဏှာကော...(ချုပ်ပါတယ်ဘုရား)။

## မဂ်တစ်ကြိမ်ပေါ်ရင် အကုန်ပျောက်တယ်

ချုပ်တယ်ဆိုကတည်းက ဒိဋ္ဌိကြောင့် ခုနင်က အပါယ်ခန္ဓာ ဖြစ်ရတယ်၊ တဏှာကြောင့် အပါယ်ခန္ဓာ ဖြစ်ရတာတွေဟာ ဒကာ ဒကာမတို့ တစ်သံသရာလုံးဖြစ်၊ မဂ်တစ်ကြိမ်ပေါ်ရင် အကုန်ပျောက်...(မှန်ပါ့)။

ဝိဇ္ဇာတစ်ကြိမ်ပေါ်ရင်...(အကုန်ပျောက်ပါတယ် ဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ အပါယ်လေးပါးလည်း မသွားပါနဲ့တော့ ...(မှန်ပါ့ဘုရား)။

ဝိဇ္ဇာနဲ့ အပါယ်ကြွေးတွေ ဆပ်လိုက်ရင် မပြီးဘူးလား ...(ပြီးပါတယ်ဘုရား) ဝိဇ္ဇာနဲ့ ဖြစ်ပျက်သိတဲ့ ဉာဏ်နဲ့ အပါယ်

http://www.thitsarparamisociety.com/


ကြွေးဆပ်လိုက်ရင် မပြီးဘူးလား ...(ပြီးပါတယ်) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

## အပါယ်ကြွေးကို ဝိဇ္ဇာဉာဏ်နဲ့ ဆပ်ပါ

ဒါဖြင့် ဒကာ ဒကာမတို့ ဘာနဲ့ကြွေးဆပ်ကြမယ်... (ဝိဇ္ဇာနဲ့ ကြွေးဆပ်ကြပါမယ်ဘုရား)။

ဝိဇ္ဇာဉာဏ်နဲ့ ကြွေးဆပ်ပါ...(မှန်ပါ့) ဝိဇ္ဇာဉာဏ်ဆိုတာ အလိုလိုပေါ်တာလား ...ဖြစ်ပျက်မြင်မှ ပေါ်တာလား ... (ဖြစ်ပျက်မြင်မှ ပေါ်တာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ၁–နံပါတ်စိတ်က ဖြစ်ပျက်... (မှန်ပါ့) ၂–နံပါတ်က အကဲခတ်တာက ...(မဂ္ဂပါဘုရား) သဘောကျပလား ...(ကျပါပြီဘုရား)။

ဒါဖြင့် ၁–နောက်ကို ၂–လိုက်နေရင် အပါယ်လေးပါး ပိတ်တယ်...(မှန်ပါ့)။

၁–နောက်ကို ...(၂–လိုက်နေရင် အပါယ်တံခါး ပိတ်ပါတယ်ဘုရား)။

၁–က ဘာပါလိမ့်မတုံး ...(အနိစ္စပါဘုရား) ၂–က ဘာပါလိမ့်မတုံး ...(မဂ္ဂပါ) အကဲခတ်တာ...(မှန်ပါ့)။

http://www.thitsarparamisociety.com/

## အကဲခတ်တာ မဂ်

၁-က ဘာပါလိမ့်မတုံး ..(အနိစ္စ) ၂-က ဘာတုံး ... (အကဲခတ်တာပါ) အကဲခတ်တာ မဂ်မဖြစ်ဘူးလား ...(ဖြစ်ပါတယ်) အဲဒါ မဂ်က ဝိဇ္ဇာဆိုတာ ပေါ်ပလား ...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာချုပ် မချုပ်...(ချုပ်ပါတယ်ဘုရား) အဝိဇ္ဇာချုပ်ရင် သင်္ခါရကကော ...(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အပါယ်ခန္ဓာဝိညာဏ်ဟာကော...(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိဇ္ဇာမဂ္ဂင်နဲ့ အကဲခတ်လိုက်လို့ရှိရင် အပါယ်ကြောက်စရာ ရှိသေးရဲ့လား ...(မရှိပါဘုရား)။

## အပါယ်ကြွေးတွေ ကျေတယ်

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ နောက်ဘဝက လုပ်လာတဲ့ အပါယ်ကြွေးတွေကလည်း ရှိသေးတယ်...(မှန်ပါ့) ဒီဘဝ မသိမလိမ္မာခင်က လုပ်ထားတဲ့ အပါယ်ကြွေးတွေကကော...(ရှိပါတယ်ဘုရား)။

အဲဒါ ဝိဇ္ဇာတစ်လုံးတည်းနဲ့ ဆပ်လိုက်လို့ရှိရင် ဒကာ ဒကာမတို့ ကြွေးတစ်သိန်းတင်နေတာ ဆားတစ်လျက်နဲ့ ကျေပါတယ်...(မှန်ပါ့ဘုရား) ကြွေးတစ်သိန်း တင်နေတာ...(ဆားတစ်

http://www.thitsarparamisociety.com/


လျှက်နဲ့ ကျေပါတယ်ဘုရား)။

## ဝိဇ္ဇာနဲ့ ဆပ်လိုက်ပါ ကြွေးကျေပါတယ်

ဒီဆားတစ်လျှက်မှ ခင်ဗျားတို့ မလျှက်ချင်ဘူးလား ... (လျှက်ချင်ပါတယ်ဘုရား) လျှက်လိုက်ရင် အကုန်ပျောက်မယ်ဆိုတာ၊ သေချာတယ်မဟုတ်လား ...(သေချာပါတယ်ဘုရား)။

ဒါဖြင့် မဂ္ဂင်ဆားတစ်လျှက်ကိုဖြင့် လျှက်ဖြစ်အောင် လျှက်ပါဆိုပြီး ဒီတရားပွဲ သိမ်းလိုက်ပြီ။

**ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။**

**သာဓု ... သာဓု ... သာဓု**